ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကောင်းမှုအနည်းငယ်ပြုဖန်များသော်**
**ကောင်းမှုနှင့်ပြည့်**

ငါ၏ အနည်းငယ်မျှသော ကောင်းမှုသည် ငါ့အား အကျိုးမပေးလတ္တံ့ဟု ကောင်းမှုကို မထီမဲ့မြင် မမှတ်ရာ၊ မိုးပေါက်ကျဖန်များသော် ရေအိုးကြီးပင် ပြည့်လေသကဲ့သို့၊ ကောင်းမှုကို အနည်းငယ် အနည်းငယ်ပြုဖန်များသော် ပညာရှိသည် ကောင်းမှုနှင့် ပြည့်လေ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်၊ စနေနေ့။ Saturday, 28 December 2024 ၁၁၆၈၅

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အာခါလူမျိုးတို့၏ စည်းလုံးညီညွတ်မှုများကို ဖော်ထုတ်ပြသကာ အာခါလူမျိုးတို့၏ဂုဏ်ကို မြှင့်တင်နိုင်ကြပြီး နိုင်ငံတော်နှင့် ဒေသကောင်းကျိုးကို ရှက်ဆောင်နိုင်သူများဖြစ်အောင် ကြိုးပမ်းအားထုတ်

### နှစ်(၅၀)ပြည့် ရွှေရတုအာခါအမျိုးသားနေ့အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ပေးပို့သည့်သဝဏ်လွှာ

**ချစ်ခင်လေးစားအပ်ပါသော အာခါတိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား-**

ယနေ့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော နှစ်(၅၀)ပြည့် ရွှေရတု အာခါအမျိုးသားနေ့အခမ်းအနားတွင် အာခါတိုင်းရင်းသားလူမျိုးများနှင့်တကွ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြပါသော ပြည်ထောင်စုဖွားတိုင်းရင်းသားများ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ဖြင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အာခါလူမျိုး အကြီးအကဲတို့၏ ဦးဆောင်မှုဖြင့် ၁၉၇၅ ခုနှစ်မှစတင်ကျင်းပခဲ့သော အာခါအမျိုးသားနေ့ကို အာခါလူမှုအဖွဲ့အစည်းအသီးသီးမှ စည်းလုံးညီညွတ်စွာဖြင့် ဆက်လက်၍ နှစ်စဉ်စည်ကားသိုက်မြိုက်ပြီး အောင်မြင်စွာ ကျင်းပခဲ့ကြသည်မှာ ယခုအခါ ရွှေရတုကာလ နှစ်(၅၀)ပြည့် အခါသမယသို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ ထိုကဲ့သို့ အာခါလူမျိုးတို့၏ စည်းလုံးညီညွတ်မှု၊ တည်ငြိမ်အေးချမ်းမှု၊ သာယာဝပြောမှုတို့ကို ဖော်ပြခွင့်ရသည့် အမျိုးသားနေ့အခမ်းအနားတွင် မိမိအနေဖြင့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခွင့်ရသည့်အတွက်လည်း များစွာဂုဏ်ယူမိပါသည်။

အာခါလူမျိုးတို့အနေဖြင့် မြန်မာနိုင်ငံ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသများသို့ ဝင်ရောက်အခြေချနေထိုင်ခဲ့သည့် ၁၁ ရာစု အစောပိုင်းအချိန်ကာလများမှစ၍ ဒေသခံတိုင်းရင်းသားလူမျိုးများနှင့် အေးအတူပူအမျှစိတ်ဓာတ်ဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းခံကာ စည်းလုံးညီညွတ်စွာ နေထိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။ အာခါလူမျိုးတို့အနေဖြင့် ပင်ရင်းဘာသာဖြစ်သော အာခါဇန်းဘာသာအပြင် ဒေသခံအခြားတိုင်းရင်းသားများနည်းတူ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာတို့ကို ကိုးကွယ်လျက်ရှိပြီး ဘာသာတရား၏ အဆုံးအမများအောက်တွင် အေးချမ်းစွာနေထိုင်လျက်ရှိကြပါသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

## တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊ သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၂၂)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပပြုလုပ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်း ကျောင်းဆင်းတပ်ခွဲများအား စစ်ဆေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၇**

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၂၂) နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်း တက်ရောက် မိန့်ခွန်းပြောကြားသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆

ကြေးမုံ

# သွားလာလွယ်ကူအန္တရာယ်ကင်း စည်းကမ်းစနစ်တကျလိုက်နာ

နိုင်ငံတော်အစိုးရက မြို့ပြများ ခေတ်မီအဆင့်မြင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများအန္တရာယ်ကင်းရှင်းပြီး အဆင်ပြေလွယ်ကူချောမွေ့စွာ သွားလာနိုင်ရေးအတွက် မြို့တွင်းလမ်းမကြီးများ၊ လမ်းငယ်များ၊ ပလက်ဖောင်းများ၊ လမ်းကူးတံတားများကို တည်ဆောက်ပေးထားသည့်အပြင် ယခုအခါ ပြည်သူများသွားလာရေး၌ နိုင်ငံတကာနှင့်တန်းတူ မြေအောက်လူကူး၊ မြေအောက်လမ်းကူး၊ လူသွားဥမင်များကိုပါ တည်ဆောက်ပေးလျက်ရှိသည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်နှင့် ပြည်သူ့ရင်ပြင်ပန်းခြံအကြား ဦးဝိစာရလမ်းကို ဖြတ်ကျော်ဖောက်လုပ်ထားသည့် မြန်မာနိုင်ငံ၏ ဒုတိယမြောက် မြေအောက်လမ်းကူးလူသွားဥမင် (Underpass)ကို တည်ဆောက်ပေးခဲ့ရာ ဒီဇင်ဘာလ ၂၃ ရက်နေ့က ပြုလုပ်သည့် ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ မြေအောက်လမ်းကူး လူသွားဥမင်နေရာသည် ပြည်သူများ အပန်းဖြေအနားယူကြသည့် ပြည်သူ့ရင်ပြင်ပန်းခြံကြီးနှင့်တစ်ဆက်တည်း ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ပါ သွားရောက်ဖူးမြော်မှုများပြားသည့်နေရာဖြစ်သည်။ ဘုရားဖူးလာပြည်သူများ စိတ်ချမ်းသာစွာဖြင့် ရွှေတိဂုံစေတီတော်ကြီးနှင့် ပြည်သူ့ရင်ပြင်သို့ သွားရောက်ကြရာတွင် ယာဉ်အန္တရာယ်ကင်းရှင်းပြီး သက်သောင့်သက်သာ ဖြတ်သန်းသွားလာနိုင်စေရန်နှင့် ခေတ်မီအခြေခံအဆောက်အအုံတစ်ခု ထပ်မံပေါ်ပေါက်လာစေရန်ရည်ရွယ်၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ မြေအောက်လမ်းကူး လူသွားဥမင်သည် ပင်မဥမင်အမြင့် ၁၁ ပေ၊ အကျယ် ၂၃ ပေ၊ ဥမင်အလျား စုစုပေါင်း ၄၆၁ ပေရှိပြီး ဝင်ပေါက်ထွက်ပေါက် လေးခုပါဝင်ကာ တစ်နာရီလျှင် လူဦးရေ ၁၄၀၀၀ ခန့် ဖြတ်သန်းသွားလာနိုင်မည်ဖြစ်သည်။ အဆိုပါ ဥမင်အတွင်း နိုင်ငံတကာတွင် အသုံးပြုနေသော မြေအောက်လမ်းကူး လူသွားဥမင်များနည်းတူ ရွေ့လျားစက်လှေကား လေးစင်း၊ သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသူများ အသုံးပြုနိုင်ရန် ဓာတ်လှေကား နှစ်စင်း ထည့်သွင်းတည်ဆောက်ထားသောကြောင့် အဆိုပါပုဂ္ဂိုလ်များ အဆင်ပြေလွယ်ကူချောမွေ့စွာ အသုံးပြုနိုင်မည်ဖြစ်၍ ပြည်သူများ ကျေနပ်နှစ်သက်မှုရှိကြကြောင်း သိရသည်။

ယခုကဲ့သို့ မြေအောက်လမ်းကူး လူသွားဥမင်အသစ်ကို ဖွင့်လှစ်ပေးလိုက်နိုင်သောကြောင့် အများပြည်သူများ၊ ဘုရားဖူးလာပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် လွယ်ကူစွာသွားလာနိုင်ပြီဖြစ်သည်။ ထို့ပြင် ယာဉ်စီးရေထူထပ်များပြားသည့် ဦးဝိစာရလမ်းမပေါ်၌ ဖြတ်သန်းသွားလာလျက်ရှိသည့် မော်တော်ယာဉ်များအနေဖြင့် ယာဉ်ကြောပိတ်ဆို့မှုကို အထိုက်အလျောက် လျှော့ချပေးနိုင်မည်ဖြစ်သည်။ ယခုဖွင့်လှစ်ပေးခဲ့သည့် မြေအောက်လမ်းကူး လူသွားဥမင်သည် အများပြည်သူများအတွက် အကျိုးကျေးဇူးများစွာရရှိနိုင်သော အဆောက်အအုံဖြစ်ရုံသာမက ရန်ကုန်မြို့၏ တိုးတက်လာသော မြို့ပြအင်္ဂါရပ်ပြယုဂ်တစ်ခုလည်းဖြစ်သည်။

နိုင်ငံတော်အစိုးရက စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့ကို မြို့ပြအင်္ဂါရပ်များနှင့်ပြည့်စုံပြီး နိုင်ငံတကာရှိ မြို့ကြီးများနှင့်တန်းတူ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လမ်းများ၊ ဥယျာဉ်ပန်းခြံများ တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းမွမ်းမံပေးခြင်း၊ လမ်းဆုံလမ်းခွများတွင် မော်တော်ယာဉ်များဖြတ်သန်းသည့် ခုံးကျော်တံတားများ၊ ယာဉ်များထူထပ်များပြားသည့် နေရာများတွင် လူကူးခုံးကျော်တံတားများ၊ ယာဉ်ရပ်နားရန်နေရာများ၊ ပြည်သူများသွားလာရန် ပလက်ဖောင်းများ၊ လူကူးလမ်းကူးနေရာများ၊ မော်တော်ယာဉ်မှတ်တိုင်များစသည့် အများပြည်သူတို့နှင့်ဆိုင်ရာများကို စဉ်ဆက်မပြတ်တည်ဆောက် ထိန်းသိမ်းမြှင့်တင်ပေးလျက်ရှိသည်။ ယခုတစ်ဖန် ဒုတိယမြောက်တည်ဆောက်ပေးသည့် မြေအောက်လမ်းကူး လူကူးဥမင်ကို တည်ဆောက်ပေးခဲ့ပြန်ရာ မြို့နေပြည်သူများကလည်း စနစ်တကျအသုံးပြုကြရန် လိုအပ်မည်ဖြစ်သည်။

ပြည်သူများအနေဖြင့် သတ်မှတ်ထားသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လေးစားလိုက်နာကြရန်လိုအပ်သည်။ သာဓကအနေဖြင့် နိုင်ငံတော်အစိုးရက ခရီးသွားပြည်သူများနှင့် မော်တော်ယာဉ်များ အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက်မော်တော်ယာဉ်ရှုပ်ထွေးသောနေရာများနှင့် လူအသွားအလာများသောနေရာများတွင် လူကူးခုံးကျော်တံတားများကို တည်ဆောက်ပေးထားသော်လည်း ခရီးသွားပြည်သူအများစုအနေဖြင့် လူကူးခုံးကျော်တံတားပေါ်မှ ဖြတ်သန်းသွားလာခြင်းမရှိဘဲ ယခင်အတိုင်း လမ်းမပေါ်မှပင် အလွယ်တကူဖြတ်သန်းသွားလာနေကြသည်ကို မြင်တွေ့နေရသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက ပြည်သူများသွားလာကြရာတွင် လွယ်ကူချောမွေ့ပြီး အန္တရာယ်ကင်းစွာဖြင့် သွားလာနိုင်ရေး၊ မော်တော်ယာဉ်များ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေး၊ မြို့ပြအင်္ဂါရပ်များနှင့်အညီ နိုင်ငံတကာအလယ်တွင် အမြင်တင့်တယ်၍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် တည်ဆောက်ပေးထားသော မြို့ပြအခြေခံအဆောက်အအုံများကို နိုင်ငံကြီးသားပီသစွာဖြင့် စည်းကမ်းလိုက်နာစနစ်တကျအသုံးပြုကြရန် အသိပေးတိုက်တွန်း နှိုးဆော်အပ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး။

၃။ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျန မှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေး။

၄။ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ "စုပေါင်းအား"ဖြင့် ဆောင်ရွက်ရေး။

၅။ "ရွှေ့သို့ချီမည် ပန်းတိုင်ဆီ" ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ်မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဇွဲ၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေး။


## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

- ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ စတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။
- ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ရှေ့ပြေးလူဦးရေစာရင်းကို (၃၁-၁၂-၂၀၂၄) ရက်နေ့တွင် ထုတ်ပြန်သွားပါမည်။
- စာရင်းအချက်အလက်များ ရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ Website www.dop.gov.mm တွင် ရယူနိုင်ပါသည်။

**သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။**


## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၇ - ၁၂ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၂၀၀ | ၈,၄၀၀ | ၅၂၄ | ၄,၃၂၁,၄၀၀ |
| MTSH | ၃,၁၅၀ | ၃,၁၀၀ | ၅၉၈ | ၁,၈၆၃,၀၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၀ | ၀ |
| FPB | ၁,၉၀၀ | ၁,၉၀၀ | ၂၁ | ၃၉,၉၀၀ |
| TMH | ၃,၃၀၀ | ၃,၃၀၀ | ၁ | ၃,၃၀၀ |
| EFR | ၁,၇၀၀ | ၁,၆၅၀ | ၇၂၁ | ၁,၂၁၀,၄၅၀ |
| AMATA | ၄,၂၀၀ | ၄,၂၀၀ | ၁၈၁ | ၇၆၀,၂၀၀ |
| MAEX | ၃,၁၅၀ | ၃,၁၅၀ | ၁,၂၂၉ | ၃,၈၇၁,၃၅၀ |
| MADPL(PLB) | ၃,၁၀၀ | ၃,၁၀၀ | ၁၃၅ | ၄၁၈,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



အင်းလေးရှုခင်း ဓာတ်ပုံ – မျိုးမင်းထိုက် (ပြန်/ဆက်)

တိုင်းသူပြည်သားလူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျ ရှိဖို့လိုတယ်။ မလိုတဲ့သူတွေက ဘယ်လိုတိုက်တိုက်၊ ရှို့ရှို့၊ စစ၊ မိမိတို့ အစိကပန်းတိုင်ကို မျက်ခြည်ပြတ် မခံဘဲ၊ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## အာခါလူမျိုးတို့အနေဖြင့် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ဆက်လက်ထိန်းသိမ်းကာ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားကဏ္ဍအသီးသီးမှာ ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပြီး မိမိတို့ဒေသနှင့် လူမျိုးအကျိုးကို ပိုမိုမြှင့်တင်ပေးနိုင်ရေး ဆောင်ရွက်

✪ ရှေ့ဖုံးမှ

အာခါစာပေနှင့်ပတ်သက်၍လည်း ၂၀၀၈ ခုနှစ်မှစတင်၍ တစ်ခုတည်းသော အာခါအမျိုးသားစာပေကို ဖော်ဆောင်နိုင်ခဲ့သည်ကို တွေ့ရှိရသောကြောင့် အာခါလူမျိုးတို့၏ ကြိုးပမ်းအားထုတ်မှုကို ဖော်ပြနိုင်ခဲ့ပါသည်။ အာခါလူမျိုးများသည် မိမိတို့၏ အဝတ်အထည်များကို ကိုယ်တိုင်ရက်လုပ်ဝတ်ဆင်ကြသကဲ့သို့ မိမိတို့၏ ယဉ်ကျေးမှု၊ ဘာသာစကား၊ ရိုးရာဓလေ့ထုံးတမ်းတို့ မပျောက်ပျက်အောင် ထိန်းသိမ်းလျက်ရှိသည်ကို ဂုဏ်ယူဖွယ်တွေ့ရှိရပါသည်။ အာခါလူမျိုးတို့၏ ကိုးကွယ်ယုံကြည်မှု၊ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများအရ ရာသီအလိုက် ကျင်းပပြုလုပ်သည့် ထုံးတမ်းအစဉ်အလာပွဲများနှင့် လူမျိုးဘာသာမရွေး အာခါတိုင်းရင်းသားတို့နှင့် အတူတကွ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်သောပွဲတော်များ ကျင်းပလျက်ရှိသည်ကိုလည်း သိရှိရပါသည်။

အာခါလူမျိုးတို့အနေဖြင့် ခေတ်အဆက်ဆက်တွင် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ထို့ကြောင့် အာခါလူမျိုးတို့နေထိုင်ရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း)ဒေသသည် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မြင့်မားနေသည်ကို တွေ့ရှိရပါသည်။ ပညာရေးကဏ္ဍ တိုးတက်မှု၏ရလဒ်အဖြစ် ယခုအခါ နိုင်ငံတော်၏ ကာကွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အုပ်ချုပ်ရေး နယ်ပယ်အသီးသီးတွင် အာခါလူမျိုး တပ်မတော်သားများ၊ ပြည်သူ့ဝန်ထမ်းများအနေဖြင့် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်နေကြသည်ကို ဂုဏ်ယူဖွယ်တွေ့မြင်ရပါသည်။ အာခါလူမျိုးတို့အနေဖြင့် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်၊ လာအို၊ ထိုင်း စသည်တို့နှင့် နယ်နိမိတ်ထိစပ်နေသော နယ်စပ်ဒေသများတွင် နေထိုင်လျက်ရှိသောကြောင့် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်ပြီး နယ်စပ်ဒေသတည်ငြိမ်ရေး၊ နယ်စပ်ဒေသကုန်သွယ်ရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်ခြင်းမှတစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းဆောင်ရွက်ပေးကြရမည်ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်မှစ၍ နိုင်ငံတော်နှင့်ပြည်သူတို့၏အကျိုးကို ရှေးရှုကာ ရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ ချမှတ်ပြီး နိုင်ငံတစ်ဝန်းလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်အတွင်း ဒေသအချို့တွင် ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက်လည်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန်နှင့် တွေ့ဆုံဆွေးနွေးရေး နည်းလမ်းများဖြင့် ဖြေရှင်းရန် ဖိတ်ခေါ်ထားရှိပြီးဖြစ်ပါသည်။ သို့သော် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အချို့အနေဖြင့် မိမိဒေသနှင့် မိမိလူမျိုးအကျိုးကို မျက်ကွယ်ပြုကာ အကြမ်းဖက်လုပ်ရပ်များကို တစိုက်မတ်မတ် ဆက်လက်ဆောင်ရွက်နေသည်ကို တွေ့မြင်နေရပါသည်။ အာခါလူမျိုးတို့အနေဖြင့် နိုင်ငံတော်အစိုးရ လျှောက်လှမ်းနေသည့် လမ်းကြောင်းအတိုင်းလိုက်ပါ၍ ပူးပေါင်းဆောင်ရွက်ခဲ့သောကြောင့် မိမိတို့၏လူမှုစီးပွားဘဝများမြင့်မားတိုးတက်လာသည်ကို တွေ့ရှိခဲ့ရပြီးဖြစ်ပါသည်။ ထို့ကြောင့် အာခါလူမျိုးတို့အနေဖြင့် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ဆက်လက်ထိန်းသိမ်းကာ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားကဏ္ဍအသီးသီးမှာ ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပြီး မိမိတို့ဒေသနှင့် လူမျိုးအကျိုးကို ပိုမိုမြှင့်တင်ပေးနိုင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

အာခါလူမျိုးတို့အနေဖြင့် နိုင်ငံတော်နှင့် ဒေသအတွက် မှတ်ကျောက်တင်ခံနိုင်သော သမိုင်းမှတ်တမ်းကောင်းများကို ရေးထိုးခဲ့ကြပြီးဖြစ်သလို ဆက်လက်ရေးထိုးနိုင်ရေး ကြိုးပမ်းကြလိမ့်မည်ဟု ယုံကြည်ပါသည်။ ထို့အပြင် အာခါလူမျိုးတို့အနေဖြင့် မိမိတို့တွင် ခိုင်ခိုင်မာမာရှိပြီးဖြစ်သော သမိုင်းအစဉ်အလာ၊ ရိုးရာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို မပျောက်ပျက်အောင် လက်ဆင့်ကမ်း ကာကွယ်စောင့်ရှောက်ရင်း ယခုကဲ့သို့ အမျိုးသားနေ့များမှတစ်ဆင့် အာခါလူမျိုးတို့၏ စည်းလုံးညီညွတ်မှုများကို ဖော်ထုတ်ပြသကာ အာခါလူမျိုးတို့၏ဂုဏ်ကို မြှင့်တင်နိုင်ကြပြီး နိုင်ငံတော်နှင့် ဒေသကောင်းကျိုးကို ရွက်ဆောင်နိုင်သူများဖြစ်အောင် ကြိုးပမ်းအားထုတ်ကြပါလို့ တိုက်တွန်းရင်း နှစ်(၅၀)ပြည့် ရွှေရတုအာခါအမျိုးသားနေ့ကို ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်

☆ ပညာရေးကဏ္ဍတိုးတက်မှု၏ရလဒ်အဖြစ် ယခုအခါ နိုင်ငံတော်၏ ကာကွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အုပ်ချုပ်ရေး နယ်ပယ်အသီးသီးတွင် အာခါလူမျိုး တပ်မတော်သားများ၊ ပြည်သူ့ဝန်ထမ်းများအနေဖြင့် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်နေကြသည်ကို ဂုဏ်ယူဖွယ်တွေ့မြင်ရ

☆ အာခါလူမျိုးတို့အနေဖြင့် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်၊ လာအို၊ ထိုင်း စသည်တို့နှင့် နယ်နိမိတ်ထိစပ်နေသော နယ်စပ်ဒေသများတွင် နေထိုင်လျက်ရှိသောကြောင့် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုကိုတည်ဆောက်ပြီး နယ်စပ်ဒေသတည်ငြိမ်ရေး၊ နယ်စပ်ဒေသကုန်သွယ်ရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်ခြင်းမှတစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းဆောင်ရွက်ပေးကြရမည်

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းငယ်သင်တန်း အမှတ်စဉ်(၁၃၁) သင်တန်းဆင်း

ရန်ကုန် ဒီဇင်ဘာ ၂၇

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) အရာထမ်းငယ်သင်တန်း အမှတ်စဉ်(၁၃၁) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် စစ်ရေးပြကွင်း၌ ကျင်းပသည်။

ဦးစွာ သင်တန်းဆင်းတပ်ခွဲက ပါမောက္ခချုပ်အား အလေးပြုပြီး နိုင်ငံတော်အလံအား အလေးပြုကြသည်။

ဆက်လက်၍ အခမ်းအနားတွင် ပါမောက္ခချုပ်က သင်တန်းသားစံပြဆုကို ဦးလွှမ်းဝေအောင် ဒုတိယဦးစီးမှူး ဝါးခယ်မမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်ထဲရေးဝန်ကြီးဌာနအား လည်းကောင်း၊ သင်တန်းသူစံပြဆုကို ဒေါ်နှင်းဝေဝေလှိုင် ဒုတိယဦးစီးမှူး ဧရာဝတီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်ထဲရေးဝန်ကြီးဌာနအား လည်းကောင်း၊ သေနတ်ပစ်ထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆု ရရှိသူများနှင့် သင်တန်းဆင်း အောင်လက်မှတ်များကို လည်းကောင်း ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းမိန့်ခွန်းပြောကြားသည်။

ယင်းသင်တန်းဆင်းပွဲအခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူး/ပါမောက္ခများ၊ သင်ကြား/စီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား ၁၇၄ ဦး၊ သင်တန်းသူ ၁၉၅ ဦး စုစုပေါင်း ၃၆၉ ဦးတို့ တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ အောက်တိုဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၂၇ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူ စိုးဝင်း တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊ သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၂၂)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

**◆ လူနာများအတွက် ပြည့်စုံလုံလောက်သည့် ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်သော ထူးချွန်ထက်မြက်သည့် သူနာပြုကောင်းတစ်ဦး ဖြစ်လာစေရန်အတွက် ကိုယ်ပိုင်အရည်အချင်းများနှင့် သက်မွေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှု အရည်အချင်းများဆိုသည့် အင်္ဂါရပ်နှစ်ခုနှင့် ပြည့်စုံနေရန်လည်းလိုအပ်**

**◆ စာနာမှုနှင့် ကရုဏာတရားရှိမှု၊ စိတ်ရှည်သည်းခံနိုင်မှု၊ လိုက်လျောညီထွေရှိပြီး ပြောင်းလွယ်ပြင်လွယ်နိုင်မှု၊ ထိရောက်စွာ ပြောဆိုဆက်ဆံနိုင်မှုနှင့် လူနာများ၏ စိတ်ဖိစီးမှုကို ကောင်းမွန်ကျွမ်းကျင်စွာ ကိုင်တွယ်ဖြေရှင်းနိုင်မှု စသည့် သူနာပြုကောင်းတစ်ဦး၏ ရှိသင့်ရှိအပ်သည့် ကိုယ်ရည်ကိုယ်သွေးများ ပြည့်စုံနေရန် ကြိုးစားလုပ်ဆောင်သွားရမည်**

**☆ တပ်မတော်သူနာပြုမှ**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်စည်သူ ထွန်းအောင်နှင့် ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီး၊ ရန်ကုန်တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းသင်တန်းသား သင်တန်းသူများ၏ မိဘအုပ်ထိန်းသူများ၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် စာပေဌာနနှင့် လေ့ကျင့်ရေးဌာနတို့မှ နည်းပြအရာရှိများနှင့် ဆရာ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူ စိုးဝင်းက သင်တန်းဆင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် အလံတော်အဖွဲ့နှင့် ကျောင်းဆင်း တပ်ခွဲများအား စစ်ဆေးသည်။ ၎င်းနောက် ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ကျောင်းဆင်း တပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူ စိုးဝင်းသည် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၉)မှ အကောင်းဆုံးသင်တန်းသူ ဆုရရှိသူ သင်တန်းသူ ဆုမြတ်ရတနာ၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ သင်တန်းသူ စုပုံချစ်နှင့် စာပေထူးချွန်ဆုရရှိသူ သင်တန်းသူ ရွှေစင်မင်းထွန်းတို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူ စိုးဝင်းက မိန့်ခွန်းပြောကြားရာတွင် ယနေ့သည် သူနာပြုနှင့် ဆေးဘက်ပညာ သိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၂၂)နှင့် အမျိုးသမီး သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၉)တို့၏ သင်တန်းဆင်းသည့်နေ့ ဖြစ်ပြီး တပ်မတော်ဆေးဝန်ထမ်း တပ်ဖွဲ့အတွက် မျိုးဆက်သစ်များထပ်မံ မွေးထုတ်ပေးလိုက်သည့် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ နေ့တစ်နေ့လည်းဖြစ်ကြောင်း။

တပ်မတော် သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် အနေဖြင့် **“ဒို့တာဝန်အရေး သုံးပါးကို ကာကွယ်မည့် အမျိုးသား တပ်မတော်အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် သူနာပြုများ၊ ဆေးဝါး ကျွမ်းကျင်သူများနှင့် ဆေးဘက်ပညာသည်များ မွေးထုတ်ပေးရန်”** ဆိုသည့် ရည်ရွယ်ချက်နှင့်အညီ သူနာပြုများနှင့် ဆေးဘက်ပညာသည်များကို စဉ်ဆက်မပြတ် သင်ကြားလေ့ကျင့် မွေးထုတ်ပေးလျက်ရှိကြောင်း။

ထိုသို့ သင်ကြားလေ့ကျင့် မွေးထုတ်ပေးရာတွင် ယနေ့အချိန်ထိ သူနာပြုသိပ္ပံဘွဲ့၊ ဆေးဝါး ကျွမ်းကျင်မှုသိပ္ပံဘွဲ့၊ ဆေးဘက်ဆိုင်ရာ နည်းပညာသိပ္ပံဘွဲ့၊ ဆေးပညာသင်ကြားရေး ဘွဲ့လွန်ဒီပလိုမာဘွဲ့၊ သူနာပြုမဟာသိပ္ပံဘွဲ့၊ ဆေးဝါးမဟာသိပ္ပံဘွဲ့၊ ဆေးဘက်ဆိုင်ရာ နည်းပညာမဟာသိပ္ပံဘွဲ့၊ သူနာပြုပါရဂူဘွဲ့၊ ဆေးဘက်ဆိုင်ရာ ဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာ ပါရဂူဘွဲ့ ရရှိသူ စုစုပေါင်း ၅၅၇၃ ဦးကို လေ့ကျင့် မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

အမိတက္ကသိုလ်က လေ့ကျင့်သင်ကြား မွေးထုတ်ပေးလိုက်သည့် သူနာပြုများနှင့် ဆေးဘက်ပညာသည်များသည် လက်တွေ့နယ်ပယ်ဖြစ်သည့် တပ်မတော်ဆေးရုံ၊ ဆေးတပ်ရင်းတပ်ဖွဲ့များတွင် သက်ဆိုင်ရာ ဆေးဘက်ပညာရပ်များကို ထိရောက်စွာ အသုံးချပြီး နိုင်ငံတော်နှင့် တပ်မတော်က ယုံကြည်အားကိုးရသည့် ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များအဖြစ် ပေးအပ်လာသည့် မည်သည့်တာဝန်မျိုးကို မဆို သူနာပြုကျင့်ဝတ်များနှင့်အညီ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြောင်းကိုလည်း အသိအမှတ်ပြု ပြောကြားလိုကြောင်း။

တပ်မတော် သူနာပြုနှင့် ဆေးဘက် ပညာတက္ကသိုလ် တည်ထောင်ခဲ့သည်မှာ လာမည့် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် ၂၅ နှစ်ပြည့်မြောက်ပြီး ငွေရတုနှစ်ပတ်လည်တိုင်တော့မည် ဖြစ်ကြောင်း၊ ဆေးဝန်ထမ်းတပ်ဖွဲ့၏ အဓိက အင်အားစုကြီးဖြစ်သည့် သူနာပြု တပ်ဖွဲ့ဝင်များသည် စစ်ပညာတတ်မြောက်ပြီး ဆင့်ကဲဆင့်ကဲ ရာထူးတာဝန်များကို ထမ်းဆောင်နိုင်ရန် လိုအပ်ခြင်းကြောင့် သူနာပြုတက္ကသိုလ် (Defence Services Institute of Nursing)ကို ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး အမျိုးသား သူနာပြုသိပ္ပံဘွဲ့ သင်တန်းများကို ဖွင့်လှစ် သင်ကြားပေးခဲ့ကြောင်း။

တပ်မတော်သားများ၊ မှီခိုသူမိသားစုဝင်များနှင့် ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ဆရာဝန်များ၊ သူနာပြုများသာမက ဆေးဝါးဖော်စပ်ခြင်း၊ ရောဂါရှာဖွေခြင်းနှင့် ပြန်လည်ထူထောင်ခြင်းတို့ အတွက် ဆေးဘက် ပညာသည်များ၏ အခန်းကဏ္ဍကလည်း အရေးပါလာခြင်းကြောင့် ၂၀၀၂ ခုနှစ်တွင် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် (Military Institute of Nursing and Paramedical Sciences) အဖြစ် ပြောင်းလဲတိုးချဲ့ ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း၊ ထို့အပြင် အမျိုးသမီး သူနာပြုများ မွေးထုတ်ပေးနိုင်ရေး အတွက် အမျိုးသမီးသူနာပြုသိပ္ပံဘွဲ့သင်တန်းများကို ၂၀၁၄ ခုနှစ်တွင် တိုးချဲ့ဖွင့်လှစ်သင်ကြား လေ့ကျင့် ပေးနိုင်ခဲ့ကြောင်း၊ တပ်မတော် သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သည် စတင်ဖွင့်လှစ်စဉ်ကပင် ယနေ့ထိတိုင်အောင် ပေးအပ်ထားသည့် ရည်မှန်းချက် တာဝန်များကို ကျေပွန်အောင်မြင်အောင် ထမ်းဆောင်နိုင်ခဲ့သည်ကို ဂုဏ်ယူဖွယ်ရာတွေ့မြင်ရမည်ပင်ဖြစ်ကြောင်း။

**“စေတနာ အကြင်နာ ဘေးကင်းကွာ”** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ သူနာပြုများအနေဖြင့် လူနာများကို ပြုစုစောင့်ရှောက်မှုပေးရာတွင် အကြင်နာတရား အပြည့်အဝထားရှိရန် လိုအပ်ကြောင်း၊ ထို့ကြောင့် သာမန်တာဝန် ထမ်းဆောင်နေမှု ဆိုသည်ထက် သူနာပြုစုမှု အတတ်ပညာနှင့် ပေါင်းစပ်ပြီး မိမိတို့ထံတွင် အခြေခံရှိပြီးသားဖြစ်သည့် ကြင်နာမှုစိတ်ဓာတ်ကို ပိုမိုရင့်ကျက်ခိုင်မာစေရန် လေ့ကျင့်မွေးမြူသွားကြရမည် ဖြစ်ကြောင်း။

လူနာများအတွက် ပြည့်စုံလုံလောက်သည့် ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်သော ထူးချွန်ထက်မြက်သည့် သူနာပြုကောင်း တစ်ဦးဖြစ်လာစေရန် အတွက် ကိုယ်ပိုင်အရည်အချင်းများနှင့် သက်မွေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှု အရည်အချင်းများ ဆိုသည့် အင်္ဂါရပ်နှစ်ခုနှင့် ပြည့်စုံနေရန်လည်း လိုအပ်ကြောင်း၊ စာနာမှုနှင့် ကရုဏာတရားရှိမှု၊ စိတ်ရှည်သည်းခံနိုင်မှု၊ လိုက်လျောညီထွေရှိပြီး ပြောင်းလွယ်ပြင်လွယ်နိုင်မှု၊ ထိရောက်စွာ ပြောဆိုဆက်ဆံနိုင်မှုနှင့် လူနာများ၏ စိတ်ဖိစီးမှုကို ကောင်းမွန်ကျွမ်းကျင်စွာ ကိုင်တွယ်ဖြေရှင်းနိုင်မှုစသည့် သူနာပြုကောင်း တစ်ဦး၏ ရှိသင့်ရှိအပ်သည့် ကိုယ်ရည်ကိုယ်သွေးများ ပြည့်စုံနေရန် ကြိုးစားလုပ်ဆောင်သွားရမည်ဖြစ်ကြောင်း။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အဓိပ္ပာယ် ဖွင့်ဆိုချက်များအရ လူနှင့် တိရစ္ဆာန်တို့အတွက် ရောဂါရှာဖွေရန်၊ ကာကွယ်ရန်၊ ကုသရန်နှင့် အကျိုးသက်ရောက်မှု တစ်ခုခုဖြစ်စေရန်အတွက် အသုံးပြုသည့် ပစ္စည်းကို ဆေးဝါးအဖြစ် သတ်မှတ်ခဲ့ကြကြောင်း၊ ဘေးကင်းသော၊ အာနိသင်ရှိသော၊ အရည်အသွေး ပြည့်မီသော ဆေးဝါးများ ဖော်စပ်ရေး၊ ထုတ်လုပ်ရေး၊ သိုလှောင်သိမ်းဆည်းရေးနှင့် ပြည်သူလူထုထံသို့ ဖြန့်ဝေရေးစသည့် လုပ်ငန်းတာဝန်များကို အောင်အောင်မြင်မြင် ထမ်းဆောင်နိုင်ရန် အတွက် ဆေးဝါးကျွမ်းကျင်သူများကိုလည်း သင်ကြားလေ့ကျင့် မွေးထုတ် ပေးလျက်ရှိရာတွင် ပရဆေးဗေဒ၊ ဆေးဝါးဘက်ဆိုင်ရာဓာတုဗေဒ၊ ဆေးဝါးဖော်စပ်ရေး၊ ဆေးဝါးဗေဒ၊ ဆေးဝါးဘက်ဆိုင်ရာ ဓာတ်ခွဲစမ်းသပ်ခြင်း ဘာသာရပ်များကို အဓိကသင်ကြားပေးလျက်ရှိကြောင်း။

စာမျက်နှာ ၅ သို့ ☆

☆ စာမျက်နှာ ၄ မှ

ခေတ်မီ ဆန်းသစ်သည့် အနောက်တိုင်း ဆေးဝါးများနှင့် ပတ်သက်သည့် ပညာရပ်များကိုလည်း ဆည်းပူးသင်ကြားရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်အနေဖြင့် တိုင်းရင်းဆေးကဏ္ဍကိုလည်း ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုများတွင် တိုင်းရင်းဆေးပညာနှင့် ပါဝင်အားဖြည့်နိုင်ရန် အလေးထားဆောင်ရွက်လျက် ရှိခြင်းကြောင့် လေ့လာသင်ယူရန် လိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတကာနှင့် ပြည်တွင်းတွင်ပါ အသုံးတွင်ကျယ်လာသည့် ဆေးဖက်ဝင်နွယ်မြက်သစ်ပင်တို့အကြောင်း (Herbal Medicine)ကိုလည်း မျက်ခြည်မပြတ် ဆည်းပူးလေ့လာပြီး တိုင်းရင်းဆေး ပညာရှင်များနှင့်အတူ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**ကာကွယ်စောင့်ရှောက်မှုများ ဆောင်ရွက်**

ဆေးဝါး ကျွမ်းကျင်သူများ အနေဖြင့် ဆေးဝါးဖော်စပ်သည့် ပညာ၊ ဆေးဝါးများ မှန်ကန်စွာ အသုံးပြုရေး၊ ဆေးဝါးများအရည်အသွေး ပြည့်မီမှု ရှိ/မရှိ စစ်ဆေးစမ်းသပ်ရေး၊ ဆေးဝါးအသစ်များ တီထွင်ထုတ်လုပ်ရေး၊ တပ်မတော်သားများ၊ မိသားစုဝင်များနှင့် ပြည်သူလူထုတို့ ဆေးဝါးလုံလောက်စွာရရှိရေး၊ သုံးစွဲသူလက်ဝယ်သို့ ဆေးဝါးများ မှန်ကန်စွာရောက်ရှိရေး၊ ဆေးဝါးများ မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးရေး စသည့်လုပ်ငန်းတာဝန်များကို ထမ်းဆောင်ကြရသူများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆေးဝါးကျွမ်းကျင်မှု သိပ္ပံဘွဲ့ရသူများအနေဖြင့် မိမိတို့တတ်ကျွမ်းနားလည်ထားသည့် ဆေးဝါးကျွမ်းကျင်မှုဆိုင်ရာ အခြေခံကောင်းများကို ကောင်းမွန်မှန်ကန်စွာအသုံးချပြီး ပြည်သူလူထုအတွက် တတ်စွမ်းနိုင်သည့်ဘက်မှ ကာကွယ် စောင့်ရှောက်မှုများ ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း။

ထို့အပြင် အခြားဆေးဘက်ပညာသည်များဖြစ်သည့် ဓာတ်ခွဲကျွမ်းကျင်သူများ၊ ဓာတ်မှန်ပုံရိပ်ဖော်ကျွမ်းကျင်သူများ၊ ခန္ဓာသန်စွမ်းမှုလေ့ကျင့်ပေးရေး ကျွမ်းကျင်သူများအနေဖြင့်လည်း မိမိတို့ အထူးပြုကျွမ်းကျင် ပညာရပ်များအလိုက် လူနာများအပေါ် ကုသမှုပေးရာတွင် မှန်ကန်ထိရောက်မှုရှိသည့် စစ်ဆေးဖော်ထုတ်မှုများနှင့် ကောင်းမွန်ပြည့်စုံသည့် ကျန်းမာရေး ပြုစုစောင့်ရှောက်ကုသမှုများ ပေးနိုင်ရန်အတွက် စဉ်ဆက်မပြတ် လေ့လာဆည်းပူး နေရမည်ဖြစ်ကြောင်း၊ မိမိတို့တတ်ကျွမ်းထားသည့် အထူးပြုပညာရပ်အလိုက် သုတေသန လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်နေရမည့်အပြင် လူနာများ၏ ကောင်းကျိုးအတွက် အခြားသောဆေးပညာရပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကာ ပြီးပြည့်စုံသည့်ပြုစုကုသမှုများ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်သည့် နေရာတွင် ပြုစုကုသရေး၊ ရောဂါရှာဖွေရေး၊ တားဆီးကာကွယ်ရေး၊ကျန်းမာရေး မြှင့်တင်ပေးရေးနှင့် ပြန်လည်သန်စွမ်းရေးဆိုသည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းစဉ်များကို နိုင်ငံ့သားကောင်း ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များပီပီ ကျောသားရင်သားမခွဲခြားဘဲ စိတ်ရင်းစေတနာမှန်နှင့် ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း။

**ဂုဏ်ယူဖွယ်ရာဖြစ်**

ဆေးဝန်ထမ်းတပ်ဖွဲ့၏ သမိုင်းကြောင်း တစ်လျှောက်တွင် သူနာပြုနှင့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် ပြုစုကုသစောင့်ရှောက်ရေးနှင့် စစ်မြေပြင် ဆေးအကာအကွယ်ပေးရေးတာဝန်များကို ကိုယ်ရောစိတ်ပါ စွမ်းစွမ်းတမံ ထမ်းရွက်ခဲ့ကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် စစ်ဆင်ရေးတာဝန်များကို ရဲစွမ်းသတ္တိအပြည့်နှင့် သစ္စာရှိရှိ၊ တာဝန်သိသိ ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသဖြင့် စစ်ဘက်စွမ်းရည်ဆိုင်ရာ ဂုဏ်ထူးဆောင်လက်မှတ်များ ချီးမြှင့်ခံရခြင်း၊ စစ်မြေပြင် ရာထူးတိုးခြင်းနှင့် အဆင့်တိုးမြှင့်ခြင်းများကိုလည်း ထိုက်ထိုက်တန်တန် ရရှိခဲ့ကြသည့်အတွက် အမိတက္ကသိုလ်နှင့် လေ့ကျင့်သင်ကြားပေးလိုက်သည့် နည်းပြများအတွက်လည်း ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း၊ ထိုသို့ စွမ်းဆောင်နိုင်မှုများကို လေးစားအားကျ ဂုဏ်ယူစိတ်နှင့် မိမိတို့ကိုယ်တိုင်လည်း ကြိုးစားကြရမည်ဖြစ်သကဲ့သို့ အစဉ်အလာကောင်းများကို ထိန်းသိမ်းပြီး အမိကျောင်းတော်ကြီး၏ ဂုဏ်ကို မြှင့်တင်ပေးနိုင်သည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင် စစ်သည်တော်ကောင်းများဖြစ်အောင် ပြုမူကျင့်ကြံနေထိုင်သွားကြရမည် ဖြစ်ကြောင်း။

တပ်မတော်သားများ ဖြစ်သည်နှင့်အညီ စစ်မြေပြင်တွင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် အသက်ပေးကာကွယ် စောင့်ရှောက်ကြရသည့်သူများဖြစ်ခြင်းကြောင့် အချင်းချင်းနှင့် အထက်အောက် သစ္စာစောင့်သိမှသာလျှင် အပြန်အလှန်ယုံကြည်မှုကို တည်ဆောက်ရယူနိုင်မည်ဖြစ်ပြီး လုပ်ငန်းကိစ္စအဝဝကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စစ်သည်တော်ကျင့်ဝတ် အပါးခြောက်ဆယ်ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံအောင် စောင့်ထိန်းလိုက်နာပြီး ကျင့်ဝတ်စည်းကမ်းအရာတွင် စံနမူနာပြဖြစ်အောင် ကြိုးစားကျင့်ကြံနေထိုင်သွားကြရန်လိုကြောင်း။

သူနာပြု တပ်ဖွဲ့ဝင်များနှင့် ဆေးဘက် ပညာသည်များသည် တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့အတွက် မရှိမဖြစ်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသည်ဖြစ်၍ မိမိတို့သက်ဆိုင်ရာ ဆေးဘက်ပညာရပ်နယ်ပယ်အလိုက် အစဉ်တိုးတက် အရည်အချင်းပြည့်ဝအောင် ကြိုးစားလုပ်ဆောင်သွားကြရန် လိုအပ်သလို သူနာပြုအဓိဋ္ဌာန် ကတိသစ္စာ (၉) ချက်ကိုလည်း အလေးထားလိုက်နာစောင့်ထိန်းသွားကြရန်လိုကြောင်း။

နိုင်ငံတော် ကာကွယ်ရေး လုပ်ငန်းတာဝန်များကိုထမ်းဆောင်နေရသည့် တပ်မတော်သားများသည် ကျရာအခန်းကဏ္ဍများတွင် တာဝန်ကျေပွန်စွာ ထမ်းရွက်နိုင်ရန်အတွက် တပ်တွင်း၊ တပ်ပြင် စည်းလုံးညီညွတ်ရေး ပြည့်ဝခိုင်မာနေရန် အထူးလိုအပ်ကြောင်း၊ ယနေ့အချိန်အခါတွင် တပ်တွင်းစည်းလုံးညီညွတ်မှု ပျက်ပြားစေရန်ရည်ရွယ်ပြီး ပြည်တွင်း၊ ပြည်ပ အဖျက်သမားအင်အားစုများသည် နည်းလမ်းပေါင်းစုံနှင့် ထိုးနှက်တိုက်ခိုက်နေချိန်ဖြစ်၍ တပ်မတော်သားများအနေဖြင့် ကျောချင်းကပ် ရင်ချင်းအပ်သည့် စည်းလုံးညီညွတ်မှုရှိရေးသည် အသက်တမျှအရေးကြီးကြောင်း၊ တပ်မတော်သားများနှင့် မိသားစုဝင်များ အားလုံးအကြားတွင် အသိတူ၊ အမြင်တူ၊ ယုံကြည်ချက်၊ ခံယူချက်များ တူမည်ဆိုပါက တပ်တွင်း စည်းလုံးညီညွတ်မှုသည် ထာဝရခိုင်မြဲနေမည်ဖြစ်ကြောင်း။

ထို့အပြင် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်စောင့် ရှောက်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တွင် ကူညီထောက်ပံ့ပေးခြင်းများသည် တပ်ပြင်စည်းရုံးရေးကို ဆောင်ရွက်နေခြင်းဖြစ်သည်ကို နားလည်သဘောပေါက်ထားကြရမည်ဖြစ်ကြောင်း၊ မိမိတို့ တာဝန်ကျရာ နယ်မြေအသီးသီးကိုရောက်ရှိချိန်တွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နယ်မြေလုံခြုံရေးလုပ်ငန်းစဉ်များ ဆောင်ရွက်သည့်အခါ မိမိတို့ တာဝန်ထမ်းဆောင်ရမည့် နယ်မြေအလိုက် ဒေသ၏အခြေအနေ၊ ဒေသဆိုင်ရာအချက်အလက်များကို အသေးစိတ်သိရှိထားရန် လိုအပ်ကြောင်း၊ နယ်မြေခံတပ်ဖွဲ့များနှင့် ဒေသခံများ တစ်သားတည်းဖြစ်အောင် စည်းရုံးဆောင်ရွက်ပြီး အပြန်အလှန် ရိုင်းပင်းကူညီခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်သွားကြရန် အလေးထားမှာကြားလိုကြောင်း။

မိမိတို့တပ်မတော်သည် စစ်စည်းကမ်းကိုအခြေခံပြီး အမိန့်နာခံတတ်မှုရှိအောင် လေ့ကျင့်ပေးထားသည့် ကျစ်လျစ်သိပ်သည်းစွာဖွဲ့စည်းထားသော တပ်မတော်တစ်ရပ်ဖြစ်ကြောင်း၊ စစ်စည်းကမ်းသည် တပ်မတော်အတွက် အဓိကကျောရိုးမဏ္ဍိုင် ဖြစ်သကဲ့သို့ စစ်သည်တော်ဘဝကို ခံယူထားကြသူများဖြစ်၍ စစ်ဘက်ဥပဒေနှင့် စစ်စည်းကမ်းများကို သာမက နယ်ဘက်ဥပဒေများကိုလည်း လေးစားလိုက်နာကြရမည်ဖြစ်ကြောင်း၊ စည်းစနစ်ရှိသည့်

စာမျက်နှာ ၆ သို့ ☆





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုးရိုပ်ချို မဟာသရေစည်သူ စိုးဝင်း ထူးချွန်ဆုရရှိကြသူများနှင့် ၎င်းတို့၏မိဘဆွေမျိုးများအား ဂုဏ်ပြုအမှာစကားပြောကြားစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုးရိုပ်ချို မဟာသရေစည်သူ စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ အဖွဲ့ဝင်များ၊ ကျောင်းဆင်းသူနာပြုများနှင့်အတူ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပုသိမ်မြို့ နယ်မြေခံသင်တန်းကျောင်းရှိ ပြည်သူ့စစ်မှုထမ်းသင်တန်းမှ သင်တန်းသားများအား သွားရောက်တွေ့ဆုံအမှာစကားပြောကြား၊ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအား တွေ့ဆုံအားပေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်းမှ သင်တန်းသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၇**

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ နယ်မြေခံ သင်တန်းကျောင်းရှိ ပြည်သူ့စစ်မှုထမ်းသင်တန်းမှ သင်တန်းသားများအား သွားရောက်တွေ့ဆုံ အမှာစကား ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက အမှာစကား ပြောကြားရာတွင် ပြည်သူ့စစ်မှုထမ်း ဥပဒေသည် မြန်မာနိုင်ငံတစ်နိုင်ငံတွင်သာမက နိုင်ငံတကာတွင်လည်း ပြဋ္ဌာန်းကျင့်သုံးလျက်ရှိသည့် အခြေအနေများ၊ အချုပ်အခြာအာဏာပိုင်ဆိုင်သည့်နိုင်ငံတိုင်းတွင် မိမိနိုင်ငံကို ကာကွယ်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည့် အခြေအနေများ၊ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး အဖွဲ့များအနေဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေသတ်မှတ်ချက်များနှင့်အညီ အကျုံးဝင်သူများကိုသာ စနစ်တကျရွေးချယ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ သင်တန်းမှလေ့ကျင့်သင်ကြားပေးထားသည့် စစ်အတတ်ပညာများကို လက်တွေ့စစ်မြေပြင်တွင် ကျွမ်းကျင်ပိုင်နိုင်စွာအသုံးချပြီး နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်အခြေအနေများ၊ နိုင်ငံတော်အပေါ်သစ္စာရှိရန်၊ စိတ်ဓာတ်ကောင်းမွန်ရန်နှင့် ကျန်းမာကြံ့ခိုင်မှုရှိအောင် နေထိုင်သွားကြရန် လိုအပ်သည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က အမှာစကား ပြောကြားရာတွင် စစ်သည်များသည် နိုင်ငံတော်အလံကို မိမိလက်ဖြင့် ကိုယ်တိုင်ထိတွေ့ပြီး သစ္စာ (၄) ချက်ကို ရွတ်ဆိုထားသည့် တပ်မတော်သားများဖြစ်သည်နှင့်အညီ နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိရန်၊ မိမိရဲဘော်ရဲဘက်များအပေါ် သစ္စာစောင့်သိရန်၊ မိမိမိသားစုများအပေါ် သစ္စာစောင့်သိရန် လိုကြောင်း၊ နိုင်ငံတော်အပေါ် သစ္စာစောင့်သိခြင်းသည် ပေးအပ်သည့် တာဝန်များအပေါ် ကျေပွန်စွာ အောင်မြင်စွာ ထမ်းဆောင်ခြင်းပင်ဖြစ်ကြောင်း၊ မိမိရဲဘော်များအပေါ် သစ္စာစောင့်သိခြင်းသည် ရဲဘော်စိတ်ဖြစ်သည့် ရဲဘော်အချင်းချင်းအပေါ်တွင် ထားရှိသည့် မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင်ဖြစ်ကြောင်း၊ မိသားစုအပေါ် သစ္စာစောင့်သိခြင်းမှာ မိမိကြောင့် မိမိမိသားစု ဂုဏ်သိက္ခာမကျအောင်၊ မိမိကြောင့် ပြည်သူများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်နှင့် ပြည်သူများထိခိုက်နစ်နာမှုမရှိအောင် ပြုမူဆက်ဆံနေထိုင်ခြင်းပင်ဖြစ်ကြောင်း။

တပ်မတော်သားအဖြစ် ခံယူထားပြီးဖြစ်သည့် သူများသည် နိုင်ငံတော်နှင့် တပ်မတော်တာဝန်များကို ၂၄ နာရီတာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံသားကောင်းရတနာများဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတစ်ဦးချင်း ရရှိပိုင်ဆိုင်ထားသည့် ဂုဏ်သိက္ခာကို မကျဆင်းအောင်၊ မဆုံးရှုံးအောင် တပ်မတော်သား တစ်ဦး၏ ကျင့်ဝတ်စည်းကမ်းများကို အမြဲထိန်းသိမ်းစောင့်ရှောက်သွားရန် လိုကြောင်း။ **စာမျက်နှာ ၇ သို့** ❖

✯ စာမျက်နှာ ၅ မှ

တပ်မတော် သားကောင်းများအဖြစ်သာမက သူနာပြုနှင့် ဆေးဘက်ပညာသည်များ ဖြစ်သည့်အတွက် ကိုယ်ကျင့်သိက္ခာနှင့်ပတ်သက်လာပါက သာမန်ထက်ပိုပြီး စောင့်ထိန်းကြရန် လိုအပ်ကြောင်း၊ ထို့အပြင် ဆေးရုံ၊ ဆေးတပ်ဖွဲ့များအပြင် စစ်မြေပြင်တွင် ခြေလျင်တပ်ဖွဲ့များနှင့်အတူ တိုက်ပွဲဝင်သွားရမည် ဖြစ်ခြင်းကြောင့် ရဲဘော်စိတ်ဆိုသည့် မေတ္တာတရား၊ သံယောဇဉ်တရားနှင့် သစ္စာစောင့်သိမှုတရားတို့ကို ကောင်းစွာထားရှိမွေးမြူသွားကြရမည်ဖြစ်ကြောင်း။

စိတ်ဓာတ်၊ စည်းကမ်း ကောင်းမွန်ပြီး အရည်အချင်းပြည့်ဝသည့် စစ်သည်တော်ကောင်း တစ်ဦးဖြစ်လာစေရန်အတွက် အရေးအကြီးဆုံးအချက်သည် စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်နှင့် စည်းရုံးရေးစွမ်းရည်ဆိုသည့် စွမ်းရည်သုံးရပ်နှင့် ပြည့်စုံနေအောင် စစ်သည်တစ်ဦးချင်းစီက ဖြည့်ဆည်းလေ့ကျင့်နေရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် စွမ်းရည်သုံးရပ်ထက်မြက်ပြီး အခြေခံအရည်အချင်းငါးပါးနှင့် ပြည့်စုံအောင် နေထိုင်ပြုမူကျင့်ကြံကာ နိုင်ငံတော်နှင့် တပ်မတော်က အားကိုးအားထား ပြုရသည့် သူနာပြုနှင့် ဆေးဘက်ပညာသည် စစ်သည်တော်ကောင်းများ ဖြစ်အောင် ကြိုးပမ်းသွားကြရန် အလေးထားမှာကြားလိုကြောင်း။

**"စေတနာ၊ အကြင်နာ၊ ဘေးကင်းကွာ"** ဆိုသည့် ဆောင်ပုဒ်ကို နှလုံးသွင်းပြီး သူနာပြုကောင်း တစ်ဦးတွင် ရှိရမည့် ကျင့်ဝတ်၊ စိတ်ဓာတ်နှင့် အရည်အချင်းပြည့်ဝသူများဖြစ်အောင် ကြိုးစားကျင့်ကြံနေထိုင်သွားကြရန်၊ မိမိတို့ တတ်ကျွမ်း နားလည်ထားသည့် ဆေးဘက် ပညာရပ်ဆိုင်ရာ အခြေခံကောင်းများကို ကောင်းမွန်မှန်ကန်စွာအသုံးချပြီး သုတေသနပြု ရှာဖွေထုတ်လုပ်ခြင်းဖြင့် ပြည်သူလူထုအတွက် တတ်စွမ်းနိုင်သည့်ဘက်ကနေ ကာကွယ်စောင့်ရှောက်မှု ဆောင်ရွက်ပေးသွားကြရန်၊ သူနာပြုတပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်နိုင်မှုများကို လေးစားအားကျ ဂုဏ်ယူစိတ်နှင့် ကြိုးစားကြရမည် ဖြစ်သကဲ့သို့ သမိုင်းအစဉ်အလာကောင်းများကို ထိန်းသိမ်းပြီး အမိကျောင်းတော်ကြီး၏ဂုဏ်ကို မြှင့်တင်ပေးနိုင်သည့် စစ်သည်တော်ကောင်းများအဖြစ် ပြုမူကျင့်ကြံနေထိုင်သွားကြရန်၊ သက်ဆိုင်ရာသူနာပြုနှင့် ဆေးဘက်ပညာရပ်နယ်ပယ်အလိုက် အစဉ်တိုးတက်အောင် ကြိုးစား လုပ်ဆောင်သွားကြပြီး သူနာပြုအဓိဋ္ဌာန်ကတိသစ္စာ (၉) ချက်ကိုလည်း အလေးထား လိုက်နာ စောင့်ထိန်းသွားကြရန်၊ စည်းစနစ်ရှိသည့် တပ်မတော်သားကောင်းများအဖြစ်သာမက ရဲဘော်စိတ်ဆိုသည့် မေတ္တာတရား၊ သံယောဇဉ်တရားနှင့် သစ္စာစောင့်သိမှု တရားတို့ကို ကောင်းစွာမွေးမြူထားရှိပြီး နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့်သူနာပြုနှင့် ဆေးဘက်ပညာသည်ကောင်းများဖြစ်အောင် ကြိုးစားလုပ်ဆောင်သွားကြရန် လိုကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီမဟာသရေစည်သူစိုးဝင်းသည် ကျောင်းဆင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီမဟာသရေစည်သူ စိုးဝင်းသည် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ် ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် သင်တန်းသူများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ညပိုင်းတွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ် (၂၂) နှင့် အမျိုးသမီး သူနာပြုနှင့် ဆေးဘက်ပညာ သိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၉) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး သင်တန်းဆင်းသူနာပြုများ၊ ညစာစားပွဲတက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာ သုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ဂုဏ်ပြုစစ်တီးဝိုင်း၏ ဂုဏ်ပြုတီးမှုတ်မှုအား ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ကျောင်းဆင်းသူနာပြုများနှင့်အတူ သဘင်ဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

❖ စာမျက်နှာ ၆ မှ

တပ်မတော်သားတစ်ဦး ဖြစ်သည်နှင့်အညီ ပေးအပ်လာသည့် တာဝန်များအပေါ် ကျေပွန်အောင် ထမ်းဆောင်သွားကြရန်လိုကြောင်း၊ ထို့ပြင် လေ့ကျင့်သင်ကြားပေးလိုက်သည့် စစ်အတတ်ပညာများကိုလည်း အမြဲတမ်းလေ့ကျင့်ရမည်၊ အမြဲတမ်း စစ်ရေးသတိရှိရမည်၊ အမြဲတမ်းတိုက်ပွဲဝင်အသင့်ဖြစ်ရမည်ဆိုသည့် မြဲ (၃) မြဲနှင့်အညီ အမြဲမပြတ်လေ့လာလေ့ကျင့်လိုက်နာသွားကြရန်နှင့် ရဲရဲတက်၊ ရဲရဲတိုက်၊ ရဲရဲချေမှုန်း ဆိုသည့် ရဲ (၃) ရဲအတိုင်း ရန်သူကို ချေမှုန်းတိုက်ခိုက်ရမည် ဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၆) အထိ အောင်မြင်စွာ ဖွင့်လှစ်သင်ကြား လေ့ကျင့်ပေးခဲ့ပြီး သင်တန်းဆင်းနိုင်ငံသားကောင်းများအနေဖြင့် တာဝန်ကျရာ တပ်ရင်း/ တပ်ဖွဲ့များတွင် တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြကြောင်း၊ အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်းဆင်းများအနက်မှ အချိန်တိုအတွင်း နိုင်ငံတော်မှ ချီးမြှင့်ပေးအပ်သည့် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ ရရှိခဲ့ကြသည်ကိုလည်း ဂုဏ်ယူဖွယ်ရာတွေ့ရှိရကြောင်း။

သင်တန်းဆင်းပြီးနောက် သက်ဆိုင်ရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် တာဝန်ထမ်းဆောင်ကြရာတွင်လည်း သင်တန်းကျောင်းမှ သင်ကြားပေးလိုက်သည့် စစ်အတတ်ပညာများကို လက်တွေ့အသုံးချသွားကြရန်နှင့် ဆောင်ရန်၊ ရှောင်ရန် အချက်များကိုလည်း လိုက်နာသွားကြရမည် ဖြစ်ကြောင်း၊ တာဝန်ပေးသည်ဖြစ်စေ မပေးသည်ဖြစ်စေ သင်ကြားတတ်မြောက်ထားသည့် စစ်ပညာများကို အပြည့်အဝအသုံးချသွားကြရန်လိုကြောင်း။

အလှူာပေါင်းစုံမှ ဝင်ရောက် တာဝန် ထမ်းဆောင်လာကြသူများဖြစ်သော်လည်း ယခုအခါ တူညီသောယူနီဖောင်းကို ဝတ်ဆင်၍ သင်တန်းကျောင်းများအလိုက် အရောင်အသွေးတူ၊ အတွေးအမြင်၊ ယုံကြည်ချက်၊ ခံယူချက်တူညီအောင် လေ့ကျင့်ပေးလိုက်ပြီဖြစ်၍ တပ်မတော်သားဘဝကို ဂုဏ်ယူစွာဖြင့် ပေးအပ်လာသည့် မည်သည့်တာဝန်မျိုးကိုမဆို ကျေပွန်စွာ ထမ်းဆောင်နိုင်သော နိုင်ငံတော်နှင့် တပ်မတော်က ယုံကြည်အားကိုးရသည့် နိုင်ငံ့သားကောင်းရတနာများ၊ မိသားစုက လေးစားတန်ဖိုးထားရသည့် သူရဲကောင်းများအဖြစ် ကျင့်ကြံနေထိုင်သွားကြရန်လိုကြောင်း မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရဲမေ၊ မိသားစုဝင်များကို အိမ်ထောင်သည် လိုင်းခန်းများအလိုက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံတွင် တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား တစ်ဦးချင်း လိုက်လံကြည့်ရှု၍ ရောဂါဖြစ်ပွားမှု အခြေအနေများ၊ ဆေးဝါးကုသပေးထားမှု အခြေအနေများနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်လာမှုအခြေအနေများအား ရင်းရင်းနှီးနှီး လိုက်လံမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) သည် ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။ ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) သည် တပ်နယ်အတွင်း မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး ရဲမေ၊ မိသားစုဝင်များကို အိမ်ထောင်သည် လိုင်းခန်းများအလိုက် ရင်းရင်းနှီးနှီး လိုက်လံတွေ့ဆုံ နှုတ်ဆက်အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ခြင်းနှင့် မူကြိုကလေးငယ်များအတွက်အာဟာရပြည့် ဖြည့်စွက်စာများတိုက်ကျွေးနိုင်ရန် ချီးမြှင့်ငွေများ ပေးအပ်သည်။

အလားတူ ခရီးစဉ်တွင် လိုက်ပါလာသည့် ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် တပ်မတော်အရာရှိကြီးများသည် သက်ဆိုင်ရာ ကွပ်ကဲမှုအလိုက် တပ်ရင်း/တပ်ဖွဲ့များသို့ လိုက်လံကြည့်ရှုစစ်ဆေးပြီး မိသားစုဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသူတစ်ဦးအား ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

**အလှူာပေါင်းစုံမှ ဝင်ရောက်တာဝန်ထမ်းဆောင်လာကြသူများဖြစ်သော်လည်း ယခုအခါ တူညီသောယူနီဖောင်းကို ဝတ်ဆင်၍ သင်တန်းကျောင်းများအလိုက် အရောင်အသွေးတူ၊ အတွေးအမြင်၊ ယုံကြည်ချက်၊ ခံယူချက်တူညီအောင် လေ့ကျင့်ပေးလိုက်ပြီဖြစ်၍ တပ်မတော်သားဘဝကို ဂုဏ်ယူစွာဖြင့် ပေးအပ်လာသည့် မည်သည့်တာဝန်မျိုးကိုမဆို ကျေပွန်စွာထမ်းဆောင်နိုင်သော နိုင်ငံတော်နှင့် တပ်မတော်က ယုံကြည်အားကိုးရသည့် နိုင်ငံ့သားကောင်းရတနာများ၊ မိသားစုက လေးစားတန်ဖိုးထားရသည့် သူရဲကောင်းများအဖြစ် ကျင့်ကြံနေထိုင်သွားကြရန်လို**

## မြို့တော်ဝန် ဦးဗိုလ်ဌေး တိုးချဲ့ဘုရင့်နောင်ပန်းခြံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် ကွန်ကရစ်ရေနုတ်မြောင်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၇

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးသည် ယနေ့ မွန်းလွဲပိုင်းက လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် ရန်ကုန်- ပုသိမ်လမ်းနှင့် ရန်ကုန်-ညောင်တုန်း လမ်းထောင့်ရှိ ဘုရင့်နောင်တိုးချဲ့ပန်းခြံအတွင်း အလျား ၅၅၈ ပေ၊ အနံပေ ၆၀၊ ဒု ခြောက်လက်မ နှစ်လွှာ ကွန်ကရစ်ခင်းရန်၊ ပလာဇာရေိယာတိုးချဲ့ရန်အတွက် မြေပြုပြင်ဆောင်ရွက်နေမှုနှင့် အင်ဂျင်နီယာဌာန (ရေစီးရေလာစီမံခန့်ခွဲမှု)က ဆောင်ရွက်ထားရှိသည့် အင်းဂလိုင်ချောင်းအတွင်း ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ပီမိုးနင်းလမ်းနှင့် တပင်ရွှေထီးလမ်းအကြား အောက်အကျယ် ရှစ်ပေ၊ အပေါ်အကျယ် ၁၆ ပေ၊ အမြင့် ငါးပေရှိ ညောင်တုန်းလမ်းတစ်လျှောက် လမ်းဘေးကွန်ကရစ်ရေနုတ်မြောင်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ စံချိန်စံညွှန်းကိုက်ညီစွာဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန်မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်းပွဲများ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

နိုင်ငံသားတိုင်း သည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန် အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်း စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်း ဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကိုထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက် စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ယခုအခါ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်းပွဲ အခမ်းအနားများကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီးတွင် ကျင်းပသည်။ အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်း စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာ ခံယူကြသည်။

ထို့နောက် သင်တန်းကျောင်းများအလိုက် သင်တန်းဆင်း ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း အမှာစကားများ ပြောကြားကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲသို့ တက်ရောက်ကြသော နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆)မှ သင်တန်းဆင်းနိုင်ငံ့သားကောင်းစစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၆)ကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပြီး သင်တန်းကာလအတွင်း ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ ခြေလျင်လက်နက်ငယ် ဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ်များကို စာတွေ့လက်တွေ့ စနစ်တကျ သင်ကြားလေ့ကျင့်ခဲ့ကြပြီး စစ်မြေပြင် အင်ဂျင်နီယာဘာသာရပ်၊ စစ်မြေပြင်အုပ်ချုပ်ရေးဘာသာရပ်နှင့် အထွေထွေဘာသာရပ်များကိုလည်း ရက်သတ္တပတ်အလိုက် အဆင့်ဆင့်လေ့ကျင့်သင်ကြားခဲ့ကြကြောင်းသိရသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေး အတွက် ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင်တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည် ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်း များသည် ပြည်သူ့စစ်မှုထမ်း သင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီ ဖြစ်သည်။

ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်း စစ်သည်များသည်လည်း အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များရရှိခဲ့ပြီး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ အဖွဲ့အစည်းစိတ်၊ ရဲဘော်ရဲဘက်စိတ် အပြည့်ဖြင့် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့ အသီးသီးသို့ သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ကြတော့မည် ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၆)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက်တာဝန်ထမ်းဆောင် သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များ၏ စကားသံများကိုလည်း ကြားသိခဲ့ရသည်။

၁။ ကျွန်တော်ရရှိတဲ့ ဆုကတော့ မိုင်းအကျွမ်းကျင်ဆုံးဆု ရရှိခဲ့ပါတယ်။ သင်တန်းကာလ တစ်လျှောက် သင်တန်းနည်းပြတွေရဲ့ သင်ကြားတဲ့အတိုင်း လိုက်နာလေ့ကျင့်ခဲ့တဲ့အတွက် ရခဲ့တာ ဖြစ်ပါတယ်။ မိုင်းအကျွမ်းကျင်ဆုံးဆုအတွက် စာတွေ့လည်းလေ့ကျင့်ရသလို လက်တွေ့လည်း လေ့ကျင့်ရပါတယ်။ ဒီလို သေသေချာချာလေ့ကျင့်လိုက်နာခဲ့တဲ့အတွက် ဒီမိုင်းအကျွမ်းကျင်ဆုံးဆုကို ရရှိခဲ့တာ ဖြစ်ပါတယ်။

၂။ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၆/၂၀၂၄)မှာ ကျွန်တော်ရရှိခဲ့တဲ့ ဆုအမျိုးအစားကတော့ စံပြတပ်သားဆု ဖြစ်ပါတယ်။ အခုလို ဆုရရှိခဲ့အောင် ကျွန်တော်ကြိုးစားခဲ့ရတာတွေက အများကြီးပါ။ ဆရာသမားတွေ သင်ကြားပေးတဲ့ အတတ်ပညာတွေအကုန်လုံးကို ကျွန်တော် ဆည်းပူးသင်ယူတယ်။ အားနေတဲ့ အချိန်မှာလည်း လေ့လာပါတယ်။ မှတ်သားပါတယ်။ ဆရာတွေရဲ့ စကားကိုလည်း တစ်သဝေမတိမ်း နားထောင်ပါတယ်။ မနက်ဆိုလည်း အစောဆုံးထပြီးတော့ ကစ်တွေဘာတွေလည်း အကောင်းဆုံးခေါက်တယ်။ အဲဒီအတွက်လည်း ကျွန်တော် စံပြတပ်သားဆုကို ရခဲ့တယ်လို့ ထင်ပါတယ်။ အရပ်သားဘဝနဲ့ စစ်မှုထမ်းဘဝရဲ့ ကွာခြားချက်ကတော့ အများကြီးပါပဲ။ အရင်ကဆို ကျွန်တော်အချိန်လည်း မလေးစားတတ်ပါဘူး။ စည်းကမ်းလည်း မကောင်းခဲ့ပါဘူး။ အခုဒီရောက်လာတဲ့အချိန်မှာ ဆရာတွေရဲ့ သွန်သင်ဆုံးမမှုနဲ့ ဗိုလ်ကြီးတွေရဲ့ သွန်သင်ဆုံးမမှုအောက်မှာ ကျွန်တော်အချိန်ကိုလည်းလေးစားတတ်လာသလို စည်းကမ်းလည်း ကောင်းမွန်လာတယ်လို့ ကျွန်တော့်ကိုယ် ကျွန်တော် ထင်မြင်မိပါတယ်။ ပြည်သူ့စစ်မှုထမ်းသင်တန်းကို တက်ရောက်ခဲ့ရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ နိုင်ငံအပေါ် ကျရောက်လာမယ့် ဘေးအန္တရာယ်တွေကို ကာကွယ်ချင်တဲ့စိတ်ရှိလို့ပါ။ နိုင်ငံတော်တာဝန်တွေကို ပြည်သူတစ်ယောက်အနေနဲ့ ထမ်းဆောင်ရတဲ့အတွက် ဝမ်းသာမိပါတယ်။ ကျွန်တော့်နိုင်ငံအပေါ်ကို ကျွန်တော့် အသက်နဲ့ရင်းပြီး ကာကွယ်ပေးမယ်လို့ ကျွန်တော် ခံယူချက်ထားပါတယ်။

ထို့နောက် ညပိုင်းတွင် သင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆)မှ နိုင်ငံ့သားကောင်း စစ်သည်များကို သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆/၂၀၂၄) သင်တန်းဆင်းတပ်ခွဲအား အားပေးစကားပြောကြားစဉ်။









ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆/၂၀၂၄) သင်တန်းဆင်းပွဲများ ကျင်းပစဉ်။

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်းပွဲ မြင်ကွင်းပုံရိပ်များ













# စိုက်ပျိုးရေးနှင့်မွေးမြူရေး ဖွံ့ဖြိုးရေးကော်မရှင်၏ ပထမအကြိမ်အစည်းအဝေး ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၇**

စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အမိန့်အမှတ်၊ ၅၆/ ၂၀၂၄ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်၏ ပထမအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးညိုစောနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များနှင့် တိုင်းဒေသကြီး/ ပြည်နယ် ဝန်ကြီးများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)မှ တာဝန်ရှိသူများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးညိုစောက စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ကို မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်၊ စားရေရိက္ခာဖူလုံရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်စေရန်၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များဖြင့် ပြည်တွင်းဖူလုံပြီး ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့နိုင်ရေးနှင့် ဈေးကွက်ဝေစုရရှိရေးကို ဖော်ဆောင်ရန်၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေသော ရေရှည်တည်တံ့သည့် စိုက်ပျိုးမွေးမြူရေးစနစ်များကို ဖော်ဆောင်ရန်၊ လယ်ယာကဏ္ဍနှင့် ဆက်စပ် လုပ်ငန်းများတွင် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ရန် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းခဲ့ပြီး ကော်မရှင်၏ ရည်ရွယ်ချက်ကောင်းများကို အခြေခံပြီး လုပ်ငန်းတာဝန်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ကော်မရှင်အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော မူဝါဒများ ချမှတ်ခြင်း၊ လယ်ယာ သားငါး ထုတ်ကုန်များ ထုတ်လုပ်မှုမြှင့်တင်၍ ပြည်ပပို့ကုန်တိုးမြှင့်ရေးအတွက် လိုအပ်သော မူဝါဒများချမှတ်ခြင်း၊ လယ်ယာကဏ္ဍနှင့် ဆက်စပ် လုပ်ငန်းများတွင် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ရေးအတွက်ဆွဲဆောင်နိုင်သည့် မူဝါဒများချမှတ်ခြင်း၊ လယ်ယာစီးပွား (Agri–business) ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် အဘက်ဘက်မှ ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့် အမျှ တိုင်းပြည်၏ စီးပွားရေးလည်း မြင့်မား တိုးတက်လာမည်ဖြစ်ကြောင်း၊ နှစ်စဉ်တိုးတက်လာသည့် နိုင်ငံ့လူဦးရေ၏ စားဝတ်နေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်း တိုးချဲ့လုပ်ကိုင်ကြရမည်ဖြစ်ကြောင်း။

သီးနှံများ အထွက်နှုန်းကောင်းမွန်ရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း ကောင်းမွန်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း Agro Base Industry နိုင်ငံဖြစ်အောင် စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ သီးနှံများပန်းတိုင်အထွက်နှုန်း ရရှိရေးကိုလည်း သုတေသနလုပ်ငန်းများ အကြိမ်ကြိမ် ဆောင်ရွက်ပြီးလည်း ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် နွေစပါး ဧက သုံးသန်းခန့်၊ မိုးစပါး ဧက ၁၅ သန်းခန့် စုစုပေါင်း စပါးစိုက်ဧက ၁၈ သန်းခန့်ရှိကာ သီးထပ်စွမ်းအား တိုးတက်အောင် ထပ်မံဆောင်ရွက်နိုင်မည်ဆိုပါက တစ်နှစ်လျှင် ဧကသန်း ၃၀ ကျော်ခန့် စိုက်ပျိုးနိုင်မည် ဖြစ်ကြောင်း၊ စပါးထွက်ရှိမှု ၂၀၀ ရာခိုင်နှုန်းဖြစ်၍ နိုင်ငံတော်အတွက် ဆန်စပါးဖူလုံရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်ရေးအတွက် တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍအနေဖြင့် နိုင်ငံတော်အစိုးရ၏ စီမံလမ်းညွှန်မှုဖြစ်သော အဓိကသီးနှံများ ပန်းတိုင်အထွက်ရရှိရေး၊ သီးထပ်စွမ်းအား တိုးတက်စေရေး၊ ကိန်းဂဏန်း အချက်အလက်များ မှန်ကန်စေရေးတို့အတွက် အထူးအလေးထား ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊

မွေးမြူရေး ကဏ္ဍအနေဖြင့် ကြက်၊ ဝက်၊ ဆိတ်၊ ငါး၊ နို့စားနွား၊ အသားစားနွားများ တိုးချဲ့မွေးမြူရေးအတွက်လိုအပ်သော နည်းပညာ၊ မျိုး၊ တိရစ္ဆာန်အစာနှင့် သားပေါက်ထုတ်လုပ်ခြင်း တို့ကိုလည်း ပြည်တွင်းတွင်လုံလောက်အောင် ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း၊ သမားရိုးကျ မွေးမြူခြင်းမှ လှောင်မွေးစနစ်၊ ရိတ်ကျွေးစနစ်အထိ ပြောင်းလဲဆောင်ရွက်နိုင်ရန် လက်ရှိဖော်ထုတ်ပြီးသည့် မွေးမြူရေးဇုန်များကို စနစ်တကျ အဆင့်မြှင့်တင်ခြင်းနှင့် မွေးမြူရေးဇုန်အသစ်များ ထပ်မံဖော်ထုတ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း။

စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရေးကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်း ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်ပေးသော အသေးစား၊ အငယ်စားနှင့် အလတ်စားကုန်ထုတ်လုပ်မှု MSMEs များအတွက် အဓိကအခြေခံလျှပ်စစ်မီးရရှိရေး၊ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်အသုံးပြုနိုင်ရေးကိုလည်း ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ တိုးတက်လျက်ရှိသည့် စက်မှုနိုင်ငံကြီးများ၌ပင် MSMEs များမှ တိုးတက်အောင်ဆောင်ရွက်ခြင်း ဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူများအကြား ပူးပေါင်း ဆောင်ရွက်ခြင်းများ မြှင့်တင်သွားနိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများကို တိုက်တွန်းပြောကြားလိုကြောင်း။

တိုးတက်ထုတ်လုပ်လိုက်သည့် သီးနှံသားငါးများ ဈေးကွက်ရရှိရေးကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းတို့က ပူးပေါင်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့အတူ ပုဂ္ဂလိကလုပ်ငန်းရှင်များ အနေဖြင့် ကန်ထရိုက် လယ်ယာစနစ်ကို ဆောင်ရွက်ခြင်းအားဖြင့် တောင်သူများအတွက်လိုအပ်သော အရင်းအနှီးဈေးကွက်များကိုတစ်ပါတည်း ရရှိစေမည်ဖြစ်၍ အောင်မြင်အောင် တိုးချဲ့အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း။

ကော်မရှင်အဖွဲ့ဝင်များ အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုကွင်းဆက် လုပ်ငန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်သွားပြီး အပြန်အလှန်အထောက်အကူပြု ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ အလားတူ လုပ်ငန်းအမြန်တိုးတက်အကောင်အထည် ဖော်နိုင်ရန် လိုအပ်သည့် အကြံဉာဏ်ကောင်းများ၊ နည်းလမ်းကောင်းများကို အကြံပြုပေးကြရန်နှင့် သင့်တော်ကောင်းမွန်သည့် နည်းလမ်းနှင့်စနစ်များကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန် ဦးတည်ဆောင်ရွက်နိုင်ရေးအတွက် ယခုအစည်းအဝေးတွင် ညှိနှိုင်းပေါင်းစပ် ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ကော်မရှင်၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များနှင့် ထပ်မံဖွဲ့စည်းရမည့် ကော်မတီများနှင့် ပတ်သက်၍ အကြံပြုတင်ပြ၍ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးရေးကော်မရှင် အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြပြီး ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော်အတွင်း ဆောင်းသီးနှံ အပြည့်အဝစိုက်ပျိုးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဆောင်းသီးနှံအပြည့်အဝ စိုက်ပျိုးနိုင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေ ၆ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ခရိုင်/ မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

**ပြောကြား**

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာများက နေပြည်တော်အတွင်း ဆောင်းသီးနှံအပြည့်အဝစိုက်ပျိုးနိုင်ရေးနှင့် ပတ်သက်၍ လက်ရှိစိုက်ပျိုးထားရှိမှုအခြေအနေများနှင့် ဆက်လက်စိုက်ပျိုးမည့်အခြေအနေများကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**ကြည့်ရှုအားပေး**

ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များနှင့်အတူ လယ်ဝေးမြို့နယ်အတွင်းရှိ ရန်ကုန်–မန္တလေး အမြန်လမ်းမကြီး၏ အနောက်ဘက် ဂုံးတောင်ကျေးရွာ ကွင်းအမှတ် ၁၈၇၃ တွင် ဆောင်းသီးနှံ မတ်ပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို လည်းကောင်း၊ လယ်ဝေးမြို့နယ် မဒေ့ါပင်ကျေးရွာ ကွင်းအမှတ် ၁၈၅၇ တွင် ဆောင်းသီးနှံ မြေပဲစိုက်ခင်းများ အောင်မြင် ဖြစ်ထွန်းနေမှုကိုလည်းကောင်း သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့အစည်းအဝေး ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၇**

အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့အစည်းအဝေး (၂၀၂၄) ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဗဟိုအဖွဲ့ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့များမှဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲအရာရှိကြီးများ၊ နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ်ရဲတပ်ဖွဲ့များမှ ရဲတပ်ဖွဲ့မှူးများ တက်ရောက်ကြသည်။

**ရေးဆွဲအကောင်အထည်ဖော်**

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက အကြမ်းဖက်မှုလှိုင်းများ၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ပထဝီနိုင်ငံရေးတို့အပေါ် သက်ရောက်မှု၊ နည်းပညာများတိုးတက်လာမှုနှင့်အတူ အကြမ်းဖက်အုပ်စုများ၏ နည်းဗျူဟာများ ပြောင်းလဲလာမှု၊ ဒရုန်းများနှင့် စပ်လျဉ်း၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် AI နည်းပညာအသုံးဝင်မှု၊ အကြမ်းဖက်မှု၊ မူးယစ်ဆေးဝါး၊ ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှုတို့အကြား အပြန်အလှန်ဆက်စပ်နေမှု၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး၏အရေးပါမှု၊ နိုင်ငံအဆင့်အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာမဟာဗျူဟာ ရေးဆွဲအကောင်အထည်ဖော်ရန် ပြင်ဆင်နေမှုတို့နှင့် စပ်လျဉ်း၍ ပြောကြားသည်။

ဆက်လက်၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့က ဆွေးနွေးပြောကြားသည်။

ယင်းနောက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယ ရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးက အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ အကြမ်းဖက်အုပ်စုများက ကျူးလွန်ခဲ့သောအကြမ်းဖက်မှုကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံး/ ဒဏ်ရာရရှိမှုနှင့် နိုင်ငံတော်ပိုင်/ ပုဂ္ဂလိကပိုင်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှု၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆောင်ရွက်စဉ် အကြမ်းဖက်သမားများက အသုံးပြုခဲ့သည့် လက်နက်၊ ခဲယမ်းများ သိမ်းဆည်းရမိမှု၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ခဲ့မှု၊ အကြမ်းဖက်အုပ်စုများနှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့များက ကျူးလွန်ခဲ့သည့် အကြမ်းဖက်မှုများနှင့် စပ်လျဉ်း၍ နိုင်ငံတကာသို့ သတင်းဖလှယ်ဆောင်ရွက်ခဲ့မှု၊ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးဆိုင်ရာ ရန်ပုံငွေရရှိသုံးစွဲမှု၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို ဆုကြေးငွေထောက်ပံ့ပေးအပ်နိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး ဌာနကြီးမှူး ရဲမှူးချုပ် ကျော်ဇေယျက အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုပိုင်ပစ္စည်းများနှင့် ရန်ပုံငွေများကို ထိန်းချုပ်ရန် အမိန့်ထုတ်ပြန်နိုင်ရေး၊ ငွေကြေးဝန်ဆောင်မှု၊ ငွေကြေးလွှဲပြောင်းမှုတို့ကို မည်သူမျှမပြုလုပ်ရန် တားမြစ်နိုင်ရေး ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ငန်းအဖွဲ့များ ပြန်လည်ပြင်ဆင်မှု၊ National Counter Terrorism Strategy ရေးဆွဲအကောင်အထည်ဖော်သွားရန် ပြင်ဆင်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၊ အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌများ၊ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့်အဖွဲ့ဝင်များက မိမိတို့သက်ဆိုင်ရာ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း၊ အကြံပြုတင်ပြခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက အစည်းအဝေးတွင် မှတ်တမ်းတင်ခဲ့သည့်အချက်များ၊ အတည်ပြုပေးခဲ့သည့်အချက်များ၊ ခွင့်ပြုပေးခဲ့သည့်အချက်များကို သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၊ လုပ်ငန်းအဖွဲ့များက လုပ်ထုံးလုပ်နည်းနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အကြမ်းဖက်မှု၊ မူးယစ်ဆေးဝါး၊ ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှုတို့အကြား ဆက်စပ်နေမှုကို အမြဲမပြတ်လေ့လာသုံးသပ်ပြီး အကြမ်းဖက်မှုများကို ခေတ်နှင့်အညီ တိုက်ဖျက်နိုင်ရေး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍမြှင့်တင်ရေး၊ အကြမ်းဖက်မှုများ၏ ဖြစ်စဉ်အမှန်ကို နိုင်ငံတကာက သိရှိစေရန်ဆောင်ရွက်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ အစွန်းရောက်ဝါဒနှင့် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးရန်ပုံငွေကို လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျအသုံးပြုရေး၊ အကြမ်းဖက်မှုကျူးလွန်နိုင်ရန် ငွေကြေးထောက်ပံ့မှု၊ အကြမ်းဖက်အုပ်စုများနှင့် ဆက်နွှယ်နေသောငွေကြေးစီးဆင်းမှုများကို စုံစမ်းထောက်လှမ်းဖော်ထုတ်ရေး၊ တားမြစ်ထိန်းချုပ်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးကိုကိုလွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးကိုကိုလွင်သည် ယမန်နေ့နံနက်ပိုင်းက ၂၀၂၅ ခုနှစ်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကို၊ တာဝန်ရှိသူများနှင့် ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ညှိခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ၂၀၂၅ ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပမည်ဖြစ်ကြောင်း၊ မဲစာရင်းမှန်ကန်ရေးအတွက် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး၊ ကြီးကြပ်မှုဗဟိုကော်မတီက ပေးပို့သော e-ID လူဦးရေစာရင်းများကို Server သို့ ထည့်သွင်းထားရှိပြီးဖြစ်ကြောင်း၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့များအတွက် အများယုံကြည်လေးစားခြင်းခံရသူများ ခန့်အပ်တာဝန်ပေးဆောင်ရွက်နိုင်မှုများကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အများယုံကြည်လေးစားခြင်းခံရသောသူများကို ရွေးချယ်ပြီး ခန့်ထားနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းကာ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နယ်မြေဒေသအပေါ်မူတည်၍ လိုအပ်သောအုပ်ချုပ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကိုလည်း ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်သည် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အရာထမ်း၊ အမှုထမ်းများနှင့် ထားဝယ်မြို့ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ၂၀၂၅ ခုနှစ်တွင် ရွေးကောက်ပွဲ ကျင်းပဆောင်ရွက်မည်ဖြစ်သည့်အတွက် မဲရုံများဖွင့်လှစ်နိုင်မှုကို မဲဆန္ဒရှင်စာရင်းနှင့် နောက်ဆုံးအခြေအနေသင့်တင့်မှုရှိစေရန် လိုအပ်ကြောင်း၊ နိုင်ငံရေးပါတီရုံးခန်းများ ဖွင့်လှစ်ထားရှိမှုနှင့် ပါတီဝင်အင်အားစာရင်းများကို နောက်ဆုံးအခြေအနေ အမြဲစုစည်းပြုစုထားရန် လိုအပ်ကြောင်းနှင့် ဖြန့်ခွဲအသုံးပြုမည့် မဲရုံးသုံးပစ္စည်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ရွေးကောက်ပွဲအရာရှိနှင့် တိုင်းဒေသကြီးအတွင်းရှိ အရာထမ်း၊ အမှုထမ်းတို့က ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်အောင်မြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်



**မြန်အောင် ဒီဇင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်မီးသတ်ဦးစီးဌာနက မြို့မ နေခြည်ဈေးရှေ့တွင် ဈေးဝယ်လာပြည်သူများ၊ ဈေးဆိုင်ခန်းများ၊ ရပ်ကွက်အတွင်း လူနေအိမ်များတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် စစ်ဆေးခြင်းနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြန်အောင်မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်မောင်ထွေးနှင့် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ်လျှပ်စစ်ရုံးတာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ပါဝင်သောအဖွဲ့ဖြင့် မြို့မနေခြည်ဈေးရှေ့ ဈေးထောင့်အိုကေလမ်းဆုံ၊ ပရိက္ခရာလမ်းဆုံနေရာများတွင် အများပြည်သူများအား မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး ဈေးဆိုင်ခန်းများ၊ ရပ်ကွက်လူနေအိမ်များကို မီးဘေးလုံခြုံရေးအတွက် တစ်အိမ်တက်ဆင်း စစ်ဆေးအကြံပြုခြင်း၊ မြို့ပေါ်ရပ်ကွက်များနှင့်ကျေးရွာအုပ်စုများရှိ စက်သုံးဆီဆိုင်များကို မီးဘေးလုံခြုံမှုရှိစေရေး စစ်ဆေးအကြံပြုခြင်းများ ဆောင်ရွက်ခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးတင်မောင်ထွေးက အသိပညာပေးဟောပြောကာ စက်သုံးဆီအရောင်းဆိုင်များအတွင်းရှိ မီးသတ်ဆေးဘူးအသုံးပြုနည်း လက်တွေ့စမ်းသပ်သင်ကြားပြသခဲ့ကြောင်း သိရသည်၊

**ရေဦးသာ (မြန်အောင်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် သာယာဝတီခရိုင်အတွင်း အောင်မြင်စွာဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုအားပေး

ပဲခူး ဒီဇင်ဘာ ၂၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်သည် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သာယာဝတီခရိုင်အတွင်း အောင်မြင်စွာဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုအားပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်သည် လက်ပံတန်း-မိုးညို ကားလမ်းတစ်လျှောက် လမ်းဘေးဝဲ/ယာရှိ အောင်မြင်ဖြစ်ထွန်းနေသော မတ်ပဲခင်းရိတ်သိမ်းနေမှုများကို ကွင်းဆင်းကြည့်ရှုသည်။



ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ လက်ပံတန်းမြို့နယ် ဇောခိပင်ကျေးရွာအုပ်စု ချောင်းဆုံကျေးရွာ၌ ဒေသခံတောင်သူလယ်သမားများနှင့်တွေ့ဆုံ၍ ရင်းရင်းနှီးနှီး နှုတ်ခွန်းဆက်စကားပြောကြားပြီး ဒေသခံတောင်သူများက တိုင်းအစိုးရအဖွဲ့၏ မျိုးကောင်းမျိုးသန့်ပြောင်းလဲပေးမှုကြောင့် မတ်ပဲပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိမှုနှင့် သီးခြားလိုအပ်ချက်များကို တင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သီးထပ်စွမ်းအား တိုးတက်စေရေးအတွက် စိုက်ပျိုးရေရရှိရေးနှင့် သီးခြားလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး သွင်းအားစုများ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် လက်ပံတန်းမြို့နယ် အုန်းကုန်းကျေးရွာထိပ်၌ ရေဝတီမြစ်ရေတိုက်စားမှုကြောင့် မူလရေကာတာဟောင်း ပေ ၁၅၀ ခန့် ပြိုကျပျက်စီးခဲ့မှုနှင့် ယာယီထိန်းသိမ်းဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး အုန်းကုန်းကျေးရွာ သရက်တောဘုန်းတော်ကြီးကျောင်း ဦးစီးပဓာနနာယကဆရာတော်အား သွားရောက်ဖူးမြော်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ အုတ်ဖိုမြို့နယ် အညာတန်းကျေးရွာ၌ ဂမုန်းချောင်းပေါ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ရေဒလက်တပ်ဆင်၍ ရေပေးဝေထားရှိမှုကြောင့် အောင်မြင်ဖြစ်ထွန်းနေသော ဟင်းသီးဟင်းရွက် ၅၆ ဧက စိုက်ခင်းကို ကွင်းဆင်းကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ သွင်းအားစုများ ချီးမြှင့်ပေးအပ်ကာ ဟင်းသီးဟင်းရွက်စိုက်ခင်းကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပုသိမ်မြို့၌ အဋ္ဌမအကြိမ် သူနာပြု-သားဖွားဒီပလိုမာ အောင်လက်မှတ်အပ်နှင်းခြင်းအခမ်းအနား ကျင်းပ

ပုသိမ် ဒီဇင်ဘာ ၂၇





ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပသော အဋ္ဌမအကြိမ် သူနာပြု-သားဖွားဒီပလိုမာအောင်လက်မှတ် အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက တိုင်းဒေသကြီးအတွင်းရှိ သူနာပြု-သားဖွားဒီပလိုမာ သင်တန်းများ၊ ကျန်းမာရေး စောင့်ရှောက်မှုဆောင်ရွက်ပေးသည့် သင်တန်းများ ဖွင့်လှစ်လျက်ရှိရာ မိမိတို့အနေဖြင့် အခါအားလျော်စွာ တက်ရောက် အားပေးလျက်ရှိကြောင်း၊ သူနာပြု သားဖွားများ၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ဆေးရုံ၊ ဆေးခန်းများ၊ ကာကွယ်ဆေးထိုးနှံရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်ကို ဂုဏ်ယူဖွယ်တွေ့ရှိရကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်တွင် လူမှုရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် “တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး”ကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အရည်အချင်းပြည့်ဝသော သူနာပြု-သားဖွားဒီပလိုမာ သင်တန်းသူ သင်တန်းသားများကို မွေးထုတ်ပေးရေးသည် အရေးကြီးသည့်အခန်းကဏ္ဍအဖြစ်ပါဝင်ကြောင်း၊ ပြည်သူလူထုတစ်ရပ်လုံး အခြေခံကျန်းမာရေး လိုအပ်ချက်များ ပြည့်မီစေရန်အတွက် နိုင်ငံတော်အစိုးရနှင့် ကျန်းမာရေး ဝန်ကြီးဌာနတို့က အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိရာ မိမိတို့အနေဖြင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သူနာပြု - သားဖွားပညာများကို ခေတ်နှင့်အညီ ရင်ပေါင်တန်းပြီး နိုင်ငံတော်က ချီးမြှင့်လမ်းဖွင့်ပေးထားသော သူနာပြုသိပ္ပံဘွဲ့၊ နိုင်ငံတော်တွင် တွေ့ကြုံရင်ဆိုင်နေရသော ကပ်ရောဂါနှင့် ကျန်းမာရေး ပြဿနာများ၊ တိုးတက်ပြောင်းလဲ လာသော နည်းပညာ၊ နိုင်ငံတော်၏ လူမှုစီးပွားရေး အခြေအနေ၊ ကျန်းမာရေး လိုအပ်ချက်များနှင့် လိုက်လျောညီထွေရှိပြီး စွမ်းဆောင်ရည်ပြည့်ဝသော သူနာပြုဆရာ ဆရာမကောင်းများ ဖြစ်လာစေရန် အစွမ်းကုန်ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောသည်။

အဆိုပါ အခမ်းအနားတွင် သင်တန်းသား သင်တန်းသူ ၈၆ ဦးအား သူနာပြု-သားဖွားဒီပလိုမာ အောင်လက်မှတ်များ အပ်နှင်းပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## သဘာဝမြေဩဇာ(စူပါဘိုကာရှီ) လက်တွေ့ပြုလုပ်သုံးစွဲခြင်းနှင့် ပေါင်းလိုက်တမန်းနှိုးခြင်း တောင်သူပညာပေးသရုပ်ပြပွဲ ကျင်းပ

ကျုံပျော် ဒီဇင်ဘာ ၂၇

စပါးခွံကို အသုံးပြု၍ သဘာဝမြေဩဇာ (စူပါဘိုကာရှီ) လက်တွေ့ပြုလုပ်သုံးစွဲခြင်းနှင့် ပေါင်းလိုက်တမန်းနှိုးခြင်း တောင်သူပညာပေး သရုပ်ပြပွဲကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ရေနောက်ကျေးရွာ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ကျုံပျော်ခရိုင် ကိုယ်စားပြုရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းနောင်က စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ရမည့်နည်းလမ်းများကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးသန်းဇော်ထိုက်က နွေစပါးပန်းတိုင် တင်း ၁၁၀ ထွက်ရှိရေး၊ မြေဆီလွှာပျက်စီးမှုကာကွယ်ပြီး ရေရှည်တည်တံ့သော စိုက်ပျိုးရေးဖြစ်စေရန် ယခုသဘာဝမြေဩဇာ (စူပါဘိုကာရှီ) အသုံးပြုရေးနှင့် မြေဆီလွှာဂေဟစနစ် ကောင်းမွန်လာခြင်းနှင့်အတူ တောင်သူများ တစ်ကေကုန်ကျစရိတ် သက်သာစေနိုင်ရေးတို့ကို နည်းပညာပေး ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ သဘာဝမြေဩဇာ(စူပါဘိုကာရှီ) မြေဆွေးပြုလုပ်ပုံအဆင့်ဆင့်နှင့် သဘာဝမြေဩဇာနှင့် ယူရီးယား ၃:၁ ကို အချိန်ကိုက်အချိုးညီသုံးစွဲပြီး စပါးခင်းပေါင်းလိုက်တမန်းနှိုးခြင်း တို့ကို တောင်သူများအား လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## နတ်တလင်းမြို့နယ်၌ ကျောင်းအခြေပြု တီဘီရောဂါရှာဖွေခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

နတ်တလင်း ဒီဇင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ အခြေခံပညာကျောင်းများတွင် ကျောင်းအခြေပြု တီဘီရောဂါရှာဖွေကုသခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးအေးသန့် ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၆ ရက်နံနက်ပိုင်းတွင် အထက (မြို့မ)ကျောင်း၌ ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ တီဘီရောဂါရှာဖွေခြင်းနှင့် အသိပညာပေးခြင်းကို မြို့နယ်မိခင်နှင့်ကလေး၊ ကျောင်းကျန်းမာအာဟာရ ဦးစီးအရာရှိ ဒေါက်တာ ခိုင်သဥ္ဇာနှင့် ဝန်ထမ်းများ၊ အခြေခံကျန်းမာရေးဝန်ထမ်းများက တီဘီရောဂါစမ်းသပ်စစ်ဆေးခြင်းများပြုလုပ်ကာ သလိပ်စစ်ရန်နှင့် ဓာတ်မှန်ရိုက်စစ်ဆေးရန် လိုအပ်သည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်ပြည်သူ့ဆေးရုံသို့ လွှဲပြောင်းပေးပြီး ကျန်းမာရေးအသိပညာပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ဝေယံဖြိုး(ပြန်/ဆက်)





## ဝေါမြို့နယ်၌ နွေစပါးနှစ်သီးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကျင်းပ

ဝေါ ဒီဇင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေး ကြီးကြပ်မှုကော်မတီက တောင်သူလယ်သမားများအား နွေစပါး နှစ်သီးစိုက်ပျိုးနိုင်ရန် လက်တွေ့ကွင်းသရုပ်ပြစိုက်ပျိုးပွဲကို ယမန်နေ့နံနက်ပိုင်းက ကျိုက်လှကျေးရွာအတွင်းရှိ ရန်ကုန်-မော်လမြိုင် အမြန်လမ်းမဘေး ကွင်းအမှတ် (၆၈၇) တောင်သူ ဦးအာလူးနှင့် ဦးခင်ဝင်း၏ လယ်မြေ စိုက်ဧက ၄၀ ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မိုးလွင်က ရက် ၉၀ စပါးမျိုးဖြင့် ကြိုတင်ပျိုးထောင်ပြီး လက်ဆွဲကောက်စိုက်စက်၊ ကောက်စိုက်စက်ကြီးများဖြင့် အချိန်မီကြိုတင်ပျိုးထောင်စိုက်ပျိုးနည်း အကြောင်းများကို တက်ရောက်လာသည့် နွေစပါးစိုက်တောင်သူများအား ရှင်းလင်းပြောကြားပြီး လက်တွေ့သရုပ်ပြ စိုက်ပျိုးပြသရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟထွန်းနှင့် မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးကြီးကြပ်မှုကော်မတီဝင်များ၊ အနီးပတ်ဝန်းကျင်ကျေးရွာများမှ တောင်သူလယ်သမားများ လာရောက်လေ့လာကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက် ပိုကောင်းမွန်သော အနာဂတ်ကိုတည်ဆောက်

မောင်ငြိမ်းအေး

**မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့ပြီးသည်မှာ နှစ်ပေါင်း ၇၇ နှစ် ရှိပြီဖြစ်သည်။ မြန်မာနိုင်ငံနှင့် မရှေးမနှောင်းကာလများ၌ လွတ်လပ်ရေးရရှိခဲ့ကြသော နိုင်ငံများသည် လွတ်လပ်ရေး၏အသီးအပွင့်ဖြစ်သည့် ဖွံ့ဖြိုးတိုးတက်မှု၊ တန်းတူညီမျှအခွင့်အရေးများကို ရရှိခံစားနေကြပြီဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ထိုမျှကြာရှည်လာသောကာလအတွင်း နိုင်ငံသားများအားလုံး လွတ်လပ်ရေး၏အသီးအပွင့်များကို ထိုက်တန်စွာခံစားရရှိသင့်သော်လည်း အကြောင်းအမျိုးမျိုးဖြင့် အပြည့်အဝ မရရှိသေးသည်မှာ ဝမ်းနည်းစရာဖြစ်သည်။**



(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပစဉ်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးနောက်ကျခြင်း၊ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ်သို့ မတက်လှမ်းနိုင်သေးခြင်းအကြောင်းမှာ နိုင်ငံသူ၊ နိုင်ငံသားများ၏ စိတ်ဓာတ်ခံယူချက်များနှင့် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာခဲ့သော လက်နက်ကိုင်ပဋိပက္ခများ ယနေ့ထက်တိုင်အောင် မချုပ်ငြိမ်းသေးခြင်းသည် အရေးကြီးသောအကြောင်းအချက်ဖြစ်သည်။ မငြိမ်းချမ်းသောကြောင့် ဖွံ့ဖြိုးတိုးတက်မှုကို မတည်ဆောက်နိုင်၊ မတည်ဆောက်နိုင်သောကြောင့် မငြိမ်းချမ်း၊ တည်ဆောက်သော်လည်း ပဋိပက္ခများကြောင့် ပြန်လည်ပျက်စီးခြင်း ဟူသည့် အဆိုးသံသရာတွင်လည်နေသည်ကို တွေ့မြင်နိုင်သည်။

## လွတ်လပ်ရေးဆုံးရှုံး

နိုင်ငံတော်က ဦးထိပ်ပန်ဆင်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးသည် ရရှိပြီးသော လွတ်လပ်ရေးခိုင်မြဲရေးအတွက် အသက်သွေးဖြစ်သည်။ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထာဝစဉ်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ရမည့်အရေးကို အစိုးရနှင့်တပ်မတော်က အဓိကတာဝန်ထမ်းဆောင်နေသလို နိုင်ငံသားအားလုံးကလည်း ပါဝင်ဆောင်ရွက်ကြဖို့ တာဝန်ရှိသည်။ မျက်မှောက်ကာလ ဖြစ်ပေါ်နေသောပဋိပက္ခများသည် ဒို့တာဝန်အရေးသုံးပါးကို ခြိမ်းခြောက်နေသော အန္တရာယ်များဖြစ်သည်။ အကယ်၍ ဒို့တာဝန်အရေးသုံးပါးကို ထိခိုက်ပါက တိုင်းပြည်လွတ်လပ်ရေးဆုံးရှုံးသလို ဖြစ်သွားနိုင်သည်။

ယခုအခါ ပြည်ထောင်စုကြီးပြိုကွဲအောင်၊ စည်းလုံးညီညွတ်မှုပျက်ပြားအောင် ပြည်ပမှ သွေးထိုးလှုံ့ဆော် မြှောက်ပင့်အားပေးမှုဖြင့် အကွက်ချစီစဉ် ဖျက်ဆီးနေကြသည်ကို တွေ့မြင်နိုင်သည်။ အကျိုးဆက်မှာ ပြည်တွင်း၌ တိုင်းရင်းသားလူမျိုးအချင်းချင်း ရန်စစ်ခင်းသဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ ဆင်းရဲဒုက္ခမျိုးစုံရောက်ကြရသည့်အပြင် ပြည်သူများနေထိုင်ရာဒေသများလည်း ပျက်စီးဆုံးရှုံးပြီး ဖွံ့ဖြိုးတိုးတက်မှုနှင့် အလှမ်းဝေးသွားသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသည့်အခါ လွတ်လပ်ရေး၏ အသီးအပွင့်များကို တန်းတူညီမျှခံစားရရှိရေးအတွက် အမျိုးသားခေါင်းဆောင်ကြီးများက မျှော်မှန်းဆောင်ရွက်ခဲ့သော်လည်း လက်နက်ကိုင်ပဋိပက္ခများ၏ အကျိုးဆက်ကြောင့်ဝေးခဲ့ရသည်မှာ စိတ်မကောင်းစရာဖြစ်သည်။

## ထိုးနှက်တိုက်ခိုက်

လက်ရှိတွင် အကြမ်းဖက်သောင်းကျန်းသူများက တိုင်းပြည်တည်ငြိမ်မှုပျက်ပြားအောင် တိုက်ခိုက်ဖျက်ဆီးနေကြသည်။ ပြည်တွင်းပြည်ပမှ အဖျက်သမားများက သောင်းကျန်းသူများနှင့် အတိုင်အဖောက်ညီစွာ ဆိုရှယ်မီဒီယာကို လက်နက်သဖွယ်အသုံးပြုပြီး အစိုးရနှင့်ပြည်သူ၊ ပြည်သူနှင့်တပ်မတော်၊ ပြည်သူနှင့်ပြည်သူ သွေးကွဲအောင်၊ စည်းလုံးညီညွတ်မှုပျက်ပြားအောင် တိုက်ခိုက်နေသည်ကိုတွေ့ရမည်။ အထူးသဖြင့် နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေကြသည့် တပ်မတော်သားအချင်းချင်း စိတ်ဝမ်းကွဲအောင် သတင်းတု၊ သတင်းမှားများဖြင့် ထိုးနှက်တိုက်ခိုက်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။

တပ်မတော်ပြိုကွဲလျှင် တိုင်းပြည်ပြိုကွဲမည်ဖြစ်၍ တပ်မတော်ဖြိုခွဲရေးကို ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေသည့် စိတ်ဓာတ်စစ်ဆင်ရေးသတင်းတု၊ သတင်းမှားများကို နားမယောင်မိဖို့လိုသည်။ သွေးထိုးလှုံ့ဆော်မှုများသည် တပ်မတော်အပေါ်၌သာမက တစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်မှုကိုပါ ထိခိုက်စေပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ သတင်းတု၊ သတင်းမှားများကြောင့် ယုံကြည်ချက်၊ ခံယူချက်များ ယိမ်းယိုင်မသွားစေရန်၊ စည်းလုံးညီညွတ်မှု ခိုင်မာအားကောင်းစေရန် အစဉ်အမြဲနိုးကြားနေရမည်ဖြစ်သည်။ ဆန့်ကျင်ဘက်အဖွဲ့အစည်းများနှင့် ပြည်ဖျက် မီဒီယာများ၏ ဆိုးရွားသည့်လုပ်ရပ်များကို အသိ၊ သတိနှင့် ဆင်ခြင်ပြီး စစ်မှန်သည့် စည်းလုံးညီညွတ်မှုကို တည်ဆောက်သွားရန် လိုအပ်မည်ဖြစ်သည်။

## အဖျက်အန္တရာယ်များ

ယနေ့အချိန်အခါတွင် နိုင်ငံရေး၊ စီးပွားရေးအင်အားကြီးအုပ်စုများသည် ဒီမိုကရေစီအသွင်ကူးပြောင်းစ ဖွံ့ဖြိုးဆဲနိုင်ငံများအား ဝင်ရောက်စိုးမိုး စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ပြည်ဖျက်မီဒီယာများနှင့် အမျိုးသားသစ္စာဖောက်များကို မွေးမြူထောက်ပံ့အားပေးပြီး ဖျက်ဆီးနေကြသည်။ အဆိုးရွားဆုံးမှာ ဖွံ့ဖြိုးဆဲနိုင်ငံငယ်လေးများ မတည်မငြိမ်ဖြစ်အောင်၊ ပဋိပက္ခများကြီးထွားလာအောင် ဆူပူအုံကြွပြီး တိုင်းပြည်ပြိုကွဲပျက်စီးအောင် ရည်ရွယ်ချက်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုး ပြုလုပ်နေသည်။ အင်အားကြီးနိုင်ငံကြီးအချို့ ဝင်ရောက်စွက်ဖက်မှုကြောင့် လတ်တလောပြိုကွဲပျက်စီးခဲ့သည့် နိုင်ငံအချို့ကို သင်ခန်းစာယူနိုင်သည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ပြည်ပမှ စွက်ဖက်နှောင့်ယှက်မှုများနှင့် ပြည်တွင်းအဖျက်အန္တရာယ်များ ကြုံတွေ့နေရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ နှစ် (၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာတွင် **“ယနေ့အချိန်အခါတွင် ပြည်တွင်းမှ ပြည်ဖျက်သစ္စာဖောက်များနှင့် အင်အားကြီးနိုင်ငံများ၏ အကျိုးစီးပွားအတွက် မိမိတို့တိုင်းရင်းသားများကို ဆင်းရဲဒုက္ခရောက်စေပြီး မိမိတို့နေထိုင်ရာဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် အရင်းအမြစ်များကို ဖျက်ဆီးနေမည့်အစား မိမိတို့ရှင်သန်ကြီးပြင်းခဲ့ရာဒေသနှင့် နိုင်ငံတော်၏အကျိုးအတွက် အားလုံးက အရှည်ကို မြော်တွေးကြရန် အရေးကြီးသည့်အချိန်ဖြစ်ပါသည်။ မိမိတို့ အချင်းချင်း သွေးကွဲနေကြမည်ဆိုလျှင် နိုင်ငံတော်၏ စွမ်းအားများ လျော့နည်းပြီး သူတစ်ပါးအလိုကျ လိုက်ပါဆောင်ရွက်ကြရသော လူမျိုးများအဖြစ် သမိုင်းမှတ်တမ်းကျန်ရစ်မည်ကို သတိချပ်ကြရန် တိုက်တွန်းမှာကြားလိုပါသည်”** ဆိုသောသတင်းစကားသည် ကျွန်ုပ်တို့အားလုံး စွဲမြဲစွာ မှတ်သားဆောင်ရွက်သင့်သည့်အချက်ဖြစ်သည်ဟု ရှုမြင်ပါသည်။

## သူတစ်ပါးကြိုးဆွဲရာ

သူတစ်ပါးအလိုကျ လိုက်ပါဆောင်ရွက်ရသော နိုင်ငံနှင့် လူမျိုးတို့၏ဖြစ်စဉ်ကို ဆန်းစစ်ကြည့်မည်ဆိုလျှင် နိုင်ငံလွတ်လပ်ပင်လွတ်လပ်သော်ငြားလည်း၊ နိုင်ငံဖွံ့ဖြိုးပင် ဖွံ့ဖြိုးသော်ငြားလည်း အနှောင်အဖွဲ့မကင်းသည့် နိုင်ငံနှင့် လူမျိုး၏ဖြစ်အင်သို့ ရောက်ရှိနေသည်ဖြစ်၍ ထိုနိုင်ငံ၏ အားထုတ်ကြိုးပမ်းခဲ့သော လွတ်လပ်ရေးသည် သွယ်ဝိုက်သောနည်းလမ်းဖြင့် ပြန်လည်ဆုံးရှုံးနေသည်ဟု ဆိုနိုင်သည်။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၏ ယဉ်ကျေးမှုဓလေ့စရိုက်နှင့်ကိုက်ညီသည့် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်များဆုံးရှုံးပြီး

**စာမျက်နှာ ၁၄ သို့**

> **“ယနေ့အချိန်အခါတွင် နိုင်ငံရေး၊ စီးပွားရေးအင်အားကြီးအုပ်စုများသည် ဒီမိုကရေစီအသွင်ကူးပြောင်းစ ဖွံ့ဖြိုးဆဲနိုင်ငံများအား ဝင်ရောက်စိုးမိုး စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ပြည်ဖျက်မီဒီယာများနှင့် အမျိုးသားသစ္စာဖောက်များကို မွေးမြူထောက်ပံ့အားပေးပြီး ဖျက်ဆီးနေကြသည်။ အဆိုးရွားဆုံးမှာ ဖွံ့ဖြိုးဆဲနိုင်ငံငယ်လေးများ မတည်မငြိမ်ဖြစ်အောင်၊ ပဋိပက္ခများကြီးထွားလာအောင် ဆူပူအုံကြွပြီး တိုင်းပြည်ပြိုကွဲပျက်စီးအောင် ရည်ရွယ်ချက်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးပြုလုပ်နေသည်။ အင်အားကြီးနိုင်ငံကြီးအချို့ ဝင်ရောက်စွက်ဖက်မှုကြောင့် လတ်တလောပြိုကွဲပျက်စီးခဲ့သည့် နိုင်ငံအချို့ကို သင်ခန်းစာယူနိုင်သည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ပြည်ပမှ စွက်ဖက်နှောင့်ယှက်မှုများနှင့် ပြည်တွင်းအဖျက်အန္တရာယ်များ ကြုံတွေ့နေ”**

❂ စာမျက်နှာ ၁၃ မှ

> ❝မျက်မှောက်ကာလတွင် အင်အားကြီးနိုင်ငံများ၏ အုပ်စုအလိုက် လွှမ်းမိုးခံရသောနိုင်ငံငယ်များ ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် ပဋိပက္ခများကို မြင်တွေ့ကြရမည်ဖြစ်သည်။ ကိုယ့်ကြမ္မာကိုယ်ဖန်တီးပြီး လွတ်လပ်ရှင်သန် ဖွံ့ဖြိုးတိုးတက်နေသောနိုင်ငံများ၏ တင့်တယ်ခံ့ညားစွာ ရပ်တည်နေနိုင်မှုများကိုလည်း မြင်တွေ့ရမည်ဖြစ်သည်။ အဓိကမှာ မိမိနိုင်ငံ၏အခြေအနေသဘာဝများနှင့် လိုက်လျောညီထွေရှိပြီး မိမိတို့၏အကျိုးစီးပွားကို မိမိတို့ကိုယ်တိုင်ဖန်တီးနိုင်ခြင်းကသာ အကောင်းဆုံးဖြစ်သည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်သောနိုင်ငံဖြစ်သည်။ တပ်မတော်သည် တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲပြီး ခေတ်အဆက်ဆက်တွင် ပြည်တွင်း၊ ပြည်ပအန္တရာယ်များကို ရှင်းလင်းနိုင်ခဲ့သလို မျက်မှောက်ကာလ တွင်လည်း နိုင်ငံတော်၌ ကြုံတွေ့လာနိုင်သည့်ဘေးအန္တရာယ်များကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထု စည်းလုံးညီညွတ်မှုအင်အားများနှင့် ရင်ဆိုင်ဖြတ်ကျော် ❞

သူတစ်ပါးနိုင်ငံ၏ နိုင်ငံရေးစနစ်၊ ဓလေ့စရိုက်၊ ယဉ်ကျေးမှု၊ အစဉ်အလာစသည်တို့လွှမ်းမိုးကာ လက်ဝေခံနိုင်ငံအဖြစ်၊ သူတစ်ပါးကြိုးဆွဲရာအတိုင်း လုပ်ကိုင်ရသည့်နိုင်ငံအဖြစ် ရပ်တည်နေရသည့်နိုင်ငံများကို တွေ့မြင်နိုင်သည်။

မျက်မှောက်ကာလတွင် အင်အားကြီးနိုင်ငံများ၏ အုပ်စုလိုက် လွှမ်းမိုးခံရသောနိုင်ငံငယ်များ ရင်ဆိုင်ကြုံတွေ့နေရသည့်စိန်ခေါ်မှုများနှင့် ပဋိပက္ခများကို မြင်တွေ့ကြရမည်ဖြစ်သည်။ ကိုယ့်ကြမ္မာကိုယ်ဖန်တီးပြီး လွတ်လပ်ရှင်သန် ဖွံ့ဖြိုးတိုးတက်နေသောနိုင်ငံများ၏ တင့်တယ်ခံ့ညားစွာ ရပ်တည်နေနိုင်မှုများကိုလည်း မြင်တွေ့ရမည်ဖြစ်သည်။ အဓိကမှာ မိမိနိုင်ငံ၏ အခြေအနေသဘာဝများနှင့် လိုက်လျောညီထွေရှိပြီး မိမိတို့၏အကျိုးစီးပွားကို မိမိတို့ကိုယ်တိုင် ဖန်တီးနိုင်ခြင်းသာ အကောင်းဆုံးဖြစ်သည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်သောနိုင်ငံဖြစ်သည်။ တပ်မတော်သည် တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲပြီး ခေတ်အဆက်ဆက်တွင် ပြည်တွင်း၊ ပြည်ပအန္တရာယ်များကို ရှင်းလင်းနိုင်ခဲ့သလို မျက်မှောက်ကာလတွင်လည်း နိုင်ငံတော်၌ ကြုံတွေ့လာနိုင်သည့် ဘေးအန္တရာယ်များကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထု စည်းလုံးညီညွတ်မှုအင်အားများနှင့် ရင်ဆိုင်ဖြတ်ကျော်နိုင်စွမ်းရှိသည်။

## စီးပွားရေးတွင်ထိန်းချုပ်

အနှောင့်အယှက်အဖျက်အဆီး အခက်အခဲများကြားမှ နိုင်ငံတော်၏ နေရာဒေသအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူများသည် နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးအတွက် ကျရာတာဝန်များကို ထမ်းဆောင်နေကြသည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံရေး၊ စီးပွားရေးနှင့် ကာကွယ်ရေးစွမ်းအားများ ကောင်းမွန်ရန်လိုအပ်သည်။ နိုင်ငံရေးအား ကောင်းမွန်လျှင် နိုင်ငံတည်ငြိမ်အေးချမ်းမည်၊ စီးပွားရေးအားကောင်းမွန်လျှင် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံ၏ကာကွယ်ရေးအားလည်း တိုးတက်ကောင်းမွန်နိုင်မည်ဖြစ်သည်။ ကမ္ဘာ့အင်အားကြီးနိုင်ငံများက နိုင်ငံငယ်များအပေါ် ဩဇာလွှမ်းမိုးနိုင်အောင်နှင့် နိုင်ငံတိုးတက်ရေးတွင် အဓိကကျသည့် စီးပွားရေးကဏ္ဍများတွင်ထိန်းချုပ်နိုင်အောင် ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။

## ဖွံ့ဖြိုးအောင်ဆောင်ရွက်

ပြည်တွင်း၌ ပဋိပက္ခမျိုးစုံ၊ အကျပ်အတည်းမျိုးစုံဖန်တီးပြီး စီးပွားရေး ထိခိုက်အောင်၊ လိုသလိုခြယ်လှယ်နိုင်အောင် ဖန်တီးနေကြသည်။ ယင်းအခြေအနေတွင် နိုင်ငံငယ်များအနေဖြင့် နိုင်ငံအတွင်းမှာရှိသည့် သယံဇာတနှင့်အရင်းအမြစ်များ၏ စွမ်းအားများကိုအသုံးချပြီး ရင်ဆိုင်ကျော်လွှားနိုင်အောင် ကြိုးပမ်းကြရန်လိုအပ်သည်။ ကိုယ်ပိုင်အရင်းအမြစ်များ နည်းပါးလာသည်နှင့်အမျှ စီးပွားရေးထိခိုက်ပြီး အခြားကဏ္ဍမျိုးစုံတို့တွင်ပါ အားနည်းလာမည်ဖြစ်သည်။ ထို့ကြောင့် စီးပွားရေးသည် အရေးပါသည့်အချက်ဟု ရှုမြင်နိုင်သည်။ နိုင်ငံတော်၏ သယံဇာတများနှင့် အခြေခံကောင်းများကိုအသုံးချပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ဖို့သာလိုသည်။

ယနေ့ကာလတွင် ကမ္ဘာပေါ်ရှိ နိုင်ငံအချို့၌လည်း နိုင်ငံရေးမတည်ငြိမ်မှုများနှင့် ကြုံတွေ့နေရသည်။ နိုင်ငံရေးမတည်ငြိမ်မှု၏ အဆုံးသတ်တွင် စီးပွားရေးအကျပ်အတည်းဖြစ်စေမှုကို ဦးတည်လေ့ရှိသည်။ ယင်းကို ပြည်ပနယ်ချဲ့ လက်သစ်နိုင်ငံများက ကြိုတင်စီမံပြီး ၎င်းတို့အကျိုးစီးပွားကို ဖန်တီးနေကြသည်။ ထို့ကြောင့် ပြည်ပအမှီအခိုကင်းပြီး ကိုယ့်အားကိုယ်ကိုးနိုင်သည့် လူသားအရင်းအမြစ်များ ပိုင်ဆိုင်နိုင်အောင်ကြိုးစားမှသာ မိမိနိုင်ငံ၏ကိုယ်ပိုင်သယံဇာတများနှင့် ဝင့်ဝင့်ထည်ထည် ရပ်တည်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံသည် သဘာဝအရင်းအမြစ်နှင့် သယံဇာတများပေါများကြွယ်ဝသည့် နိုင်ငံဖြစ်ရာ အဆိုပါအရင်းအမြစ်များကို ထိရောက်စွာအသုံးချနိုင်ပါက လျင်မြန်သော စီးပွားရေးတိုးတက်မှုကိုဖြစ်ပေါ်စေနိုင်သည့်အလားအလာကောင်းများ များစွာရှိသည်။

## အာရှတွင်အဓိက

ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီးတွင် သဘာဝတွင်းထွက်သယံဇာတပစ္စည်းများနှင့် အဖိုးတန်ကျောက်မျက်ရတနာများ ရှေးယခင်ကာလများမှ ယနေ့အချိန်တိုင်အောင် ရှိနေဆဲဖြစ်သည်။ ကျောက်မျက်ရတနာကဲ့သို့ ထင်ရှားသည့်ရတနာသိုက်များ ကမ္ဘာ့မြေပုံပေါ်တွင် မှတ်တမ်းရှိသည်။ သဘာဝဓာတ်ငွေ့သိုက် ကုဗပေ ၁၈ ထရီလီယံနှင့်ယှဉ်တွဲလျက် ရေနံသိုက်စည်ပေါင်း ၃ ဒသမ ၂ ဘီလီယံရှိပြီး အာရှ၏ စွမ်းအင်ပိုင်ဆိုင်သောနိုင်ငံဖြစ်သည်။ အများစုမှာ ကမ်းလွန်ပင်လယ်ပြင်တွင် တွေ့နိုင်သော်လည်း ကုန်းတွင်းပိုင်းတွင်လည်း ရေနံထွက်ရှိသည်။ စုစုပေါင်းနိုင်ငံ့ဝင်ငွေ၏ ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းကို ရေနံနှင့် သဘာဝဓာတ်ငွေ့မှ ကြီးကြီးမားမား ဖြည့်ဆည်းပေးနိုင်သည်။ ကမ္ဘာပေါ်တွင် သတ္တမမြောက် ဆန်အများဆုံးထွက်ရှိသောနိုင်ငံဖြစ်သဖြင့် ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးအတွက် အာရှတွင် အဓိကအခန်းကဏ္ဍမှရပ်တည်လျက်ရှိသည်။

မြန်မာနိုင်ငံသည် ပေါများကြွယ်ဝသော သဘာဝသယံဇာတအရင်းအမြစ်များနှင့် အလုပ်လုပ်နိုင်သော လူသားအရင်းအမြစ်များ လုံလောက်စွာရှိသည့်အပြင် ထူးခြားသော ပထဝီဝင်စီးပွားရေးတည်နေရာအရ အာရှနိုင်ငံကြီးနှစ်နိုင်ငံဖြစ်သည့် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့အကြား ပေါင်းကူးတံတားဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့်ဆက်ဆံရေး အရှိန်အဟုန်ကောင်းနေစဉ်တွင် အိန္ဒိယနိုင်ငံနှင့်လည်း အထူးခိုင်မာသောဆက်ဆံရေးကို တည်ဆောက်သွားရန်ဆုံးဖြတ်ထားသည်။ ယဉ်ကျေးမှုအစဉ်အလာကြီးမားသော မြန်မာနိုင်ငံသည် အလားတူ ယဉ်ကျေးမှုအစဉ်အလာထွန်းကားသော အိန္ဒိယ၊ တရုတ်၊ ရုရှားနိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ပြည်တွင်း၊ ပြည်ပ ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်နိုင်မည်ဖြစ်သည်။

## ဒေသတွင်းသာယာဝပြော

၂၀၂၅ ခုနှစ်တွင် နိုင်ငံအတွင်း အကြမ်းဖက်သောင်းကျန်းမှုများရှိနေလင့်ကစား နိုင်ငံအသွင်ကူးပြောင်းရေး ဒီမိုကရေစီအရပ်ဘက်အုပ်ချုပ်ရေးကို လမ်းခင်းပေးသည့်အနေဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပနိုင်ရန် ဆောင်ရွက်နေသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၂၅ ခုနှစ်တွင် ပြည်တွင်းနှင့် နိုင်ငံတကာ၏ စောင့်ကြည့်အကဲခတ်မှုအောက်၌ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများကျင်းပရန်ရည်ရွယ်ထားသည်ဟု နိုင်ငံတကာသို့ အတိအလင်းပြောကြားထားပြီးဖြစ်သည်။ ရွေးကောက်ပွဲများကျင်းပခြင်းဖြင့် နိုင်ငံရေးအရ တရားဝင်အသိအမှတ်ပြုမှုအသစ်ကို ရရှိကာ တိုင်းပြည်အရှိန်အဟုန်ဖြင့် တိုးတက်မှုကိုရစေမည့် မောင်းနှင်အားဖြစ်လာနိုင်သည်။ ထို့အပြင် အောင်မြင်သောအသွင်ကူးပြောင်းရေးမှတစ်ဆင့် အာရှတစ်လွှား ဒေသတွင်းသာယာဝပြောမှုကို ဖြစ်ပေါ်လာစေနိုင်သည်။

သို့ဆိုပါလျှင် ကမ္ဘာပေါ်တွင် နိုင်ငံရေး၊ စီးပွားရေးဖိအားများ၊ စိန်ခေါ်မှုများ၊ အကျပ်အတည်းများရှိနေလင့်ကစား မြန်မာနိုင်ငံတွင် ပဋိပက္ခများ၊ နှောင့်ယှက်တိုက်ခိုက်မှုများရှိလင့်ကစား မြန်မာနိုင်ငံတွင် ပေါများကြွယ်ဝသည့် သဘာဝသယံဇာတအရင်းအမြစ်များနှင့် လူသားအရင်းအမြစ်များကို ထိရောက်စွာအသုံးချပြီး အဓိကကျသည့် စီးပွားရေးမောင်းနှင်အားကို ပိုမိုတိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ပေါများကြွယ်ဝသော သယံဇာတများ၊ ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေးအခြေအနေများအရ ပြည်တွင်း၊ ပြည်ပမှ မိစ္ဆာဘီလူးများက မက်မောနေသည်မှာ အဆန်းတော့မဟုတ်ပေ။ ထို့ကြောင့် စီးပွားရေးမောင်းနှင်အား ပိုမိုတိုးတက်ကောင်းမွန်လာအောင်ဆောင်ရွက်ပြီး ကာကွယ်ရေးစွမ်းအားကို မြှင့်တင်ကာ ဒို့တာဝန်အရေးသုံးပါး ဖျက်ဆီးနေသူများကို တပ်မတော်နှင့် ပြည်သူလက်တွဲပြီး အပြီးတိုင်ချေမှုန်းရှင်းလင်းကြရမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုလျှင် နိုင်ငံတော်၏စီးပွားရေး တိုးတက်ကောင်းမွန်လာအောင် ကြိုးပမ်းဆောင်ရွက်ပြီး အန္တိမရည်မှန်းချက်အဖြစ်သတ်မှတ်ထားသည့် နိုင်ငံရေးစွမ်းအား ကောင်းမွန်လာစေရန်အတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပေးပြီး ဒီမိုကရေစီနိုင်ငံရေးအခင်းအကျင်းအသစ်ကို ပုံပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံကို ကမ္ဘာက တန်ဖိုးထားဆက်ဆံလာသည့်၊ လွတ်လပ်ရေးနှင့်ထိုက်တန်သည့် နိုင်ငံတော်သစ်ပေါ်ထွန်းလာမည်ဖြစ်ရာ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်ကြပြီး ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်သစ်ကို စည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ကြိုးပမ်းတည်ဆောက်ကြရမည် ဖြစ်ပါကြောင်း။ ။

# ဇမ္ဗူသီရိမြို့နယ်၌ မီးငြိမ်းသတ်နည်းသရုပ်ပြသခြင်း ဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၂၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် Mother International School ကိုယ်ပိုင်ကျောင်းတွင် ယနေ့မွန်းလွဲပိုင်းက မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောခြင်း၊ဘေးကင်းလွတ်မြောက်ရာသို့ ထွက်ခွာခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြသခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အဆိုပါ မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောရာတွင် ဇမ္ဗူသီရိမြို့နယ် မီးသတ်ဦးစီးမှူးရုံးမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရာဇာမင်းမြတ်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးဘေးအန္တရာယ်ဆိုင်ရာများကို သတိရှိစေရန်နှင့် အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ၊ မီးလောင်မှုအခြေခံသဘောတရားများ၊ မီးငြိမ်းသတ်ခြင်းစနစ်များ၊ လျှပ်စစ်မီးလောင်မှုဖြစ်စေသည့် အဓိကအကြောင်းအရင်းများ၊ ဘေးကင်းလွတ်မြောက်ရာသို့ အန္တရာယ်ကင်းစွာ စနစ်တကျထွက်ခွာခြင်းများ၊ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ မီးသတ်ဆေးဘူးအသုံးပြုနည်းများကို အသိပညာပေးပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဘေးကင်းလွတ်မြောက်ရာသို့ ထွက်ခွာခြင်းကို ဓာတ်တိုက်လေ့ကျင့်ခြင်း၊ ရိုးရိုးမီး၊ ဆီမီး၊ Gas မီးလောင်မှုများကို လက်တွေ့ငြိမ်းသတ်နည်း၊ မီးသတ်ဆေးဘူး၊ မီးသတ်ပိုက်ဖြင့် လက်တွေ့ မီးငြိမ်းသတ်သရုပ်ပြသ၍ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား လက်တွေ့ မီးငြိမ်းသတ်ခြင်းများကို ဆောင်ရွက်စေခဲ့ကြောင်း သိရသည်။

ဟိန်းသူအောင်(ပြန်/ဆက်)

❖ ကျောဖုံးမှ

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် နည်းပြချုပ်အဖြစ် ယုကီ၊ ကစားသမားများအဖြစ် ဂိုးသမား-မျိုးမြမြငြိမ်း၊ မေဦးခင်၊ ဖူးလတ်နဒီ၊ အိစန္ဒာဇော်၊ နောက်တန်း-မေသက်မွန်မြင့်၊ သန်းသန်းနွယ်၊ ခင်မျိုးသန္တာထွန်း၊ ဖွန်သဲဦး၊ ဖွန်ယုယဦး၊ ဖြူဖွေး၊ ဖြူဖြူဝင်း၊ စန္ဒာလင်း၊ ခိုင်သဇင်၊ လင်းလဲ့ဦး၊ အလယ်တန်း-သီရိနန္ဒစိုး၊ ခင်မိုမိုထွန်း၊ ဟေမာန်စိုး၊ နော်ထက်ထက်ဝေ၊ ယွန်းဝတီလှိုင်၊ ခင်မာလာထွန်း၊ နန်းချိုမွှေး၊ ယုယုနိုင်၊ ရှေ့တန်း-စုစုခင်၊ ဝင်းစန္ဒာ၊ စန်းသော်သော်၊ လင်းမြင့်မိုရ်၊ ရွှေရည်ထွန်း၊ ဝင်းသိင်္ဂီထွန်း၊ ယဉ်လွန်းအိမ်၊ မြတ်နိုးခင်၊ မေထက်လူနှင့် ရူပါခိုင်တို့ ပါဝင်ကြသည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဒီဇင်ဘာ ၂၇

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

မိုး/ဇလ

# မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

## (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲအခမ်းအနား၌ နိုင်ငံတော်သံစုံတီးဝိုင်းနှင့်အတူ ဖျော်ဖြေတင်ဆက်မည့်အစီအစဉ် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၇

၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ တက်ရောက်ဆွေးနွေးမှာကြားသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယကကြီးများ၊ ဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ အလုပ်အမှုဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် ကျင်းပမည်ဖြစ်သည့်အတွက် အချိန်အနည်းငယ်သာ ကျန်ရှိခြင်းကြောင့် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ညှိနှိုင်းဆွေးနွေးရန်ဖြစ်ကြောင်း၊ အခမ်းအနားကို ယခင်နှစ်ထက် ပိုမိုကောင်းမွန်အောင် စီမံဆောင်ရွက်ကြစေလိုကြောင်း၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရွေးချယ်ရေးအကဲဖြတ်အဖွဲ့အနေဖြင့် ဆုများရွေးချယ်ရာတွင် စနစ်တကျရွေးချယ်၍ ရသင့်ရထိုက်သူများရရှိစေရန် ဆောင်ရွက်ကြစေလိုကြောင်း၊ ရွေ့ကြိုရွေးချယ်ရေးနှင့် ပတ်သက်၍ အချက်အလက်များကို ဘက်ပေါင်းစုံမှ ကြည့်ပြီး ရွေးချယ်ကြစေလိုကြောင်း၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရွေးချယ်ရေးအကဲဖြတ်အဖွဲ့အနေဖြင့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရွေးချယ်ရာတွင် ပြည်သူများ၏သဘောထားအမြင်ကိုလည်း လေ့လာသုံးသပ်၍ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရွေးချယ်ဆောင်ရွက်သင့်ပါကြောင်း။

အခမ်းအနား ကျင်းပရာတွင် လစ်ဟာမှုမရှိစေရန် ကြိုတင်စီမံပြီး သတ်မှတ်အချိန်ဇယားအတိုင်း စည်းကမ်းတကျဆောင်ရွက်ကြစေလိုကြောင်း၊ အခမ်းအနားသို့ တက်ရောက်မည့် အနုပညာရှင်များကိုလည်း သတ်မှတ်ထားသည့်အချိန်၊ သတ်မှတ်ထားသည့်နေရာသို့ ရောက်ရှိနိုင်ရေး ကြပ်မတ်ဆောင်ရွက်စေလိုကြောင်း၊ ယမန်နှစ်ကထက် အခမ်းအနားအပြင်အဆင်၊ တင်ဆက်မှု အပိုင်းများတွင် ဆန်းသစ်သည့် စိတ်ကူးစိတ်သန်းတီထွင်ကြံဆမှုများဖြင့် ဆောင်ရွက်ကြစေလိုကြောင်း၊ ထို့အပြင် ပြည်သူများ အဆင်ပြေချောမွေ့စွာကြည့်ရှုနိုင်ရန်အတွက် တိုက်ရိုက်ထုတ်လွှင့်မှု (Live) အစီအစဉ်များကိုလည်း အထူးအလေးထား ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား အောင်မြင်စွာ ကျင်းပရေးနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကကြီးများနှင့် တက်ရောက်လာကြသူများက ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ် အမှာစကားပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲအခမ်းအနား၌ နိုင်ငံတော်သံစုံတီးဝိုင်းနှင့်အတူ ဖျော်ဖြေတင်ဆက်မည့်အစီအစဉ်ကို ကြည့်ရှုစစ်ဆေးစဉ်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (ရန်ကုန်)၌ (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲ အခမ်းအနား၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အနုပညာဦးစီးဌာနတို့မှ "ပဒေသာကပွဲ"ဖြင့် နိုင်ငံတော်သံစုံတီးဝိုင်းနှင့်အတူ ဖျော်ဖြေတင်ဆက်မည့် အစီအစဉ်ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က ဂုဏ်ပြုဖျော်ဖြေမည့် တေးသီချင်းများနှင့်စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော် သံစုံတီးဝိုင်းမှ မိနစ် ၃၀ ကြာဖျော်ဖြေတင်ဆက်မည့် အစီအစဉ်တွင် "ဖွေးတုတ်"၊ "တောင်ယာဝင်ချိန်"၊ "ရိုးရာမပျက်တဲ့မြေ"၊ "ရိုးရှင်းသောဘဝ"၊ "မောင်တို့ချယ်ရီမြေ"၊ "အလှသစ္စာတရား"၊ "ရွှေအိုးစည်" စသည့် သံစဉ်များနှင့် တေးသီချင်းများ တီးမှုတ်သီဆိုနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နိုင်ငံတော်သံစုံတီးဝိုင်း၏ပဏာမတေးသွား၊ တေးသီချင်းများနှင့် သံစဉ်တီးလုံးများကို တီးခတ်ပြသမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက အကြံပြုဆွေးနွေးပြောကြားပြီး နိုင်ငံတော်သံစုံတီးဝိုင်းနှင့် အဆိုပညာရှင်ဝန်ထမ်းများအား ဆုငွေချီးမြှင့်ပေးအပ်ကာ ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ နိုင်ငံတော်သံစုံတီးဝိုင်းသည် နိုင်ငံတော်အဆင့် အခမ်းအနားများ၊ ပြည်ပဧည့်သည်တော်များအတွက် ဂုဏ်ပြုညှော်ခံပွဲများနှင့် ပြည်ပခရီးစဉ်များတွင် သွားရောက်ဖျော်ဖြေတင်ဆက်နိုင်ရန် စုဖွဲ့လေ့ကျင့်လျက်ရှိရာ ယခုအခါ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲတွင် ဖျော်ဖြေတင်ဆက်နိုင်ရန်အတွက် လိုအပ်သည်များကို ဖြည့်ဆည်းမှုဖြင့် ကြိုတင် ပြင်ဆင်လေ့ကျင့်နေခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# သက်ကြီးသတင်းစာပညာရှင်ကြီးများအား ပူဇော်ကန်တော့ခြင်းအစီအစဉ်အတွက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များက စုပေါင်းလှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၂၇

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၏ သက်ကြီးသတင်းစာ ပညာရှင်ကြီးများအား ပူဇော်ကန်တော့ခြင်း အစီအစဉ်အတွက် ယနေ့ မွန်းလွဲပိုင်းက သတင်းမီဒီယာဖွံ့ဖြိုးရေးကော်မတီ အဖွဲ့ခေါင်းဆောင် ဦးခင်မောင်ကျော်ဒင်သို့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက ကောင်စီဝင်များအားလုံး၏ နှစ်သစ်ဦး စုပေါင်းလှူဒါန်းငွေကျပ် ၂၅၀၀၀၀၀ ကို သတင်းမီဒီယာကောင်စီရုံး၌ လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

နိုင်ငံတော်လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလနှင့်နောက်ပိုင်းတွင် ခေတ်အဆက်ဆက် တိုင်းကျိုးပြည်ကျိုးထမ်းဆောင်ခဲ့ကြသည့် သတင်းစာပညာရှင်ကြီးများအား လေးစားဂုဏ်ပြုသောအားဖြင့် ပြုလုပ်မည့် ပူဇော်ကန်တော့ခြင်းအစီအစဉ်တွင် ပါဝင်လှူဒါန်းလိုသူများအနေဖြင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဖုန်း ၀၉ – ၄၄၈၀၂၆၃၂၆၊ အမှတ် (၃၉၂-၃၉၆၊ ကုန်သည်လမ်း၊ ၉ ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်)သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။




သတင်းစဉ်

ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီ လုပ်ငန်းလုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများ ထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များအား ၅ နှစ် သက်တမ်းခွင့်ပြုပေးခဲ့ပါသည်။

၂။ အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေ ကျပ်တစ်သောင်း ပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့် မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၁၃၊ ၀၁-၈၆၀၄၇၅၀၊ ၀၁-၈၆၀၄၇၅၁၊ ၀၁-၅၄၄၅၈၃ ၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

စာအုပ်စာပေ လူ့မိတ်ဆွေ စာပေမြင့်မှ လူမျိုးတင့်မည်

# အလုပ်သမားဝန်ကြီးဌာန ဘော်လီဘော(အမျိုးသား / အမျိုးသမီး)ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၂၇

အလုပ်သမားဝန်ကြီးဌာန ဘော်လီဘော (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ အမြဲတမ်း အတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ကြည့်ရှုအားပေး တက်ရောက်ကြသည်။

**ပြောကြား**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးရုံး အပါအဝင် ဦးစီးဌာနအဖွဲ့ရုံးများမှ ဝန်ထမ်းအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတိုးတက်စေရေး၊ ဝန်ထမ်းများ ကျန်းမာကြံ့ခိုင်သန်စွမ်းမှုရရှိစေရေး၊ ဝန်ထမ်းအချင်းချင်း ရိုင်းပင်းကူညီစိတ်များနှင့် စုပေါင်းလုပ်ဆောင်တတ်သည့် အလေ့အထများ ရရှိစေရန် ရည်ရွယ်၍ ယခုပြိုင်ပွဲကို ကျင်းပပေးခြင်းဖြစ်ကြောင်း၊ အားကစားသမား မောင်မယ်များသည် အားကစားစိတ်ဓာတ်အပြည့်ဖြင့် အနိုင်ရရှိအောင်ယှဉ်ပြိုင်ပြီး ဝန်ကြီးဌာနအဆင့် အားကစားသမားများမှတစ်ဆင့် နိုင်ငံတော်အဆင့် ဝန်ကြီးဌာနကိုယ်စားပြု ယှဉ်ပြိုင်နိုင်သည့် အားကစားသမားများဖြစ်အောင် ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ဘော်လီဘော(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲတွင် တတိယဆုရရှိသည့် (အမျိုးသား/အမျိုးသမီး)အသင်းကို လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က လည်းကောင်း၊ ဒုတိယဆုရရှိသည့်(အမျိုးသား/အမျိုးသမီး)အသင်းကို အမြဲတမ်းအတွင်းဝန်က လည်းကောင်း၊ ပထမဆုရရှိသည့် (အမျိုးသား/အမျိုးသမီး)အသင်းကို ပြည်ထောင်စုဝန်ကြီးက လည်းကောင်း ဆုကြေးငွေနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်တွင် ဆုတံဆိပ်ရရှိခဲ့သည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုအသင်းများမှ အားကစားသမားများနှင့် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်တွင် တာဝန်ထမ်းဆောင်ခဲ့သောဝန်ထမ်းများ ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၂၇

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်တွင် ဆုတံဆိပ်ရရှိခဲ့သော အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုအသင်းများမှ အားကစားသမားများနှင့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများ ဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ကျင်းပသည်။

ဦးစွာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးတွင် ပြေးခုန်ပစ် အားကစားနည်းကို ပြိုင်ပွဲအမျိုးအစား ၄၀ ထည့်သွင်း ကျင်းပခဲ့ရာ ဗဟိုအဆင့်အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာန ၂၂ ခု ပါဝင်ယှဉ်ပြိုင်ခဲ့သည့်အနက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြေးခုန်ပစ်အားကစားနည်းမှ ရွှေတံဆိပ် ကိုးခု၊ ငွေတံဆိပ် ခုနစ်ခု၊ ကြေးတံဆိပ် ခုနစ်ခု၊ ပိုက်ကျော်ခြင်း အားကစားနည်းမှ ရွှေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ် တစ်ခု၊ ဘော်လီဘော အားကစားနည်းမှ ရွှေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် တစ်ခု ရရှိခဲ့ပြီး ဝန်ကြီးဌာနအဆင့် အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် ၁၂ ခု၊ ငွေတံဆိပ် ခုနစ်ခု၊ ကြေးတံဆိပ် ကိုးခု စုစုပေါင်း ဆုတံဆိပ် ၂၈ ခုဖြင့် ဒုတိယနေရာရရှိခဲ့သည့်အတွက် ယခုလို ချီးကျူးဂုဏ်ပြုချီးမြှင့်ပွဲ ကျင်းပပေးခြင်းဖြစ်ကြောင်း၊ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို အောင်အောင်မြင်မြင် ကျင်းပနိုင်ရန်အတွက် ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန်စွာ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအားလုံးကိုလည်း အသိအမှတ်ပြုမှတ်တမ်းတင် ချီးကျူးဂုဏ်ပြုပါကြောင်း၊ ဝန်ကြီးဌာန၏ဂုဏ်ကို မြှင့်တင်ကြရန်နှင့် စည်းလုံးညီညွတ်မှုကိုပြသပြီး တက်တက်ကြွကြွဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြေးခုန်ပစ်အားကစားနည်းမှ ဆုတံဆိပ်ရရှိသည့် အားကစားသမားများနှင့် ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန်စွာ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများကို ပြည်ထောင်စုဝန်ကြီးက လည်းကောင်း၊ ပြေးခုန်ပစ်အားကစားနည်း၊ ဘော်လီဘောအားကစားနည်းနှင့် ပိုက်ကျော်ခြင်း အားကစားနည်းများတွင် ဆုတံဆိပ်များရရှိခဲ့ကြသည့် အားကစားသမားများနှင့် အုပ်ချုပ်/နည်းပြများကို ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များက လည်းကောင်း ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တပ်ကုန်းမြို့နယ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြိုဟောပြောပွဲ၊ ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပ



တပ်ကုန်း ဒီဇင်ဘာ ၂၇

ပြည်ထောင်စု နယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဆရာစံရပ်ကွက် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းတို့ ပူးပေါင်း၍ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲ၊ ပြပွဲ၊ ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက အဆိုပါဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အကြိုပွဲများ ကျင်းပရခြင်းရည်ရွယ်ချက်များ ရှင်းလင်းပြောကြားပြီး မြို့နယ်စာအုပ်စာစောင်ချစ်မြတ်နိုးသူများ အသင်းအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကြည် (မောင်ကြည်မူ-ပျဉ်းမနား)က လွတ်လပ်ရေးနေ့ ဖြစ်ပေါ်လာပုံအား ဟောပြောသည်။

ယင်းနောက် ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်တိုးတိုးအောင်နှင့် တာဝန်ရှိသူများက ပုံပြော၊ ကဗျာရွတ်၊ ပန်းချီ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲများနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသားကျောင်းသူများအား ဆုတံဆိပ်နှင့် ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

တင်စိုးလွင်

# ရေကြည်မြို့နယ်၌ ကျောင်းအခြေပြု တီဘီရောဂါ သံသယလူနာ ကွင်းဆင်းရှာဖွေ စစ်ဆေးကုသခြင်း ဆောင်ရွက်

ရေကြည် ဒီဇင်ဘာ ၂၇

ရောဝတီတိုင်း ဒေသကြီး ရေကြည်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျောင်းအခြေပြု တီဘီရောဂါ သံသယလူနာ ကွင်းဆင်းရှာဖွေ စစ်ဆေးကုသခြင်းကို ယနေ့နံနက် ၁၀ နာရီခွဲက အခြေခံပညာမူလတန်းဘုရားကြီးကုန်းကျောင်းခန်းမ၌ ဆောင်ရွက်သည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ အေးအေးလင်း၏ ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ပညာရေး ဦးစီးဌာနမှ ဆရာ ဆရာမများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား တီဘီရောဂါ လက္ခဏာများနှင့် တီဘီရောဂါ ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်ခြင်း၊ တီဘီရောဂါဖြစ်ပွားစေတတ်သော အကြောင်းအရာများအား ကျန်းမာရေး အသိပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။



ထိုသို့ ကွင်းဆင်းရှာဖွေစစ်ဆေးကုသခြင်းများကို ရေကြည်မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ မူလတန်းကျောင်း ၂၅၉ ကျောင်းတို့တွင် ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၀ ရက်အထိ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ် (၂၂) နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ် (၉) တို့မှ သင်တန်းဆင်းသင်တန်းသား သင်တန်းသူများအား ဆေးဝန်ထမ်းတာဝန်ခန့်အပ်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၂၂)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ် (၉) တို့မှ သင်တန်းဆင်းသင်တန်းသား သင်တန်းသူများအား ဆေးဝန်ထမ်းတာဝန်ခန့်အပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ဝင်းဗိုလ်နှင့် ကျောင်းဆင်း သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး၊ တပ်မတော်အရာရှိကြီးများနှင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်တွင် နေရာယူကြပြီးနောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးက ကျောင်းဆင်း သင်တန်းသား သင်တန်းသူတစ်ဦးချင်းစီအား ဆေးဝန်ထမ်းတာဝန်ခန့်အပ်လွှာများ ပေးအပ်သည်။

ဆေးဝန်ထမ်းတာဝန်ခန့်အပ်လွှာများ ပေးအပ်ပြီးနောက် စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက အမှာစကားပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**



# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏ (၂၉)ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၇**




တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏(၂၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ဝင်းဗိုလ်နှင့် ပညာရေးအဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။

အစီအစဉ်အရ တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ပညာရေးအဖွဲ့ဝင်များသည် ပညာရေးအဖွဲ့အစည်းအဝေးကျင်းပပြီး ဘွဲ့နှင်းသဘင်ခန်းမသို့ဝင်ရောက်ကာ သတ်မှတ်နေရာများတွင်နေရာယူကြပြီးနောက် မြန်မာ့ဆိုင်းတူရိယာအဖွဲ့က နိုင်ငံတော်သီချင်းတီးမှုတ်ကာ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် ကျောင်းအုပ်ကြီးကဘွဲ့နှင်းသဘင်ကျင်းပကြောင်းကြေညာပြီး ဘွဲ့ယူမည့်သူများအား ကတိသစ္စာခံယူစေခြင်း၊ ဘာသာရပ်ဆိုင်ရာဌာနများက ဘွဲ့ယူမည့်သူများကို ပါမောက္ခချုပ်ထံသို့ ပို့ဆောင်ခြင်းတို့ကို အစီအစဉ်အတိုင်းဆောင်ရွက်ကြသည်။

ယင်းနောက် ပါမောက္ခချုပ်က သူနာပြုသိပ္ပံဘွဲ့၊ ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့၊ ဆေးဘက်ဆိုင်ရာ နည်းပညာဘွဲ့(ဓာတ်ခွဲနည်းပညာ၊ ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ၊ ခန္ဓာသန်စွမ်းမှုနည်းပညာ)ရရှိသူတို့ကို ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။ ထို့နောက် ကျောင်းအုပ်ကြီးက ဘွဲ့ရသူများအား ဘွဲ့များနှင့်လျော်ညီသော အဆောင်အယောင်အမှတ်လက္ခဏာဖြစ်သည့် ဝတ်ရုံများကို ဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဘွဲ့နှင်းသဘင်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်း ကြေညာကာ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့်ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာသွားကြသည်။

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်အနေဖြင့် ၂၀၀၃ ခုနှစ်မှစတင်၍ ဘွဲ့နှင်းသဘင် အခမ်းအနားကိုကျင်းပခဲ့ပြီး သူနာပြုပါရဂူဘွဲ့၊ ဆေးပညာသင်ကြားရေး ဘွဲ့လွန်ဒီပလိုမာ၊ သူနာပြုမဟာသိပ္ပံဘွဲ့၊ ဆေးဝါးမဟာသိပ္ပံဘွဲ့နှင့် ဆေးဘက်ဆိုင်ရာ နည်းပညာမဟာသိပ္ပံဘွဲ့၊ သူနာပြုသိပ္ပံဘွဲ့ (ပေါင်းကူး)၊ ဆေးဘက်ဆိုင်ရာ အသံလွှန်လှိုင်းဖြင့် ရောဂါရှာဖွေခြင်းနည်းပညာ ဒီပလိုမာ၊ အထူးကြပ်မတ်သူနာပြုစုမှုဒီပလိုမာ၊ ခွဲစိတ်ခန်း သူနာပြုစုမှုဒီပလိုမာ၊ သူနာပြုသိပ္ပံဘွဲ့၊ ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့၊ ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ ရရှိသူတို့အား ဘွဲ့များအပ်နှင်းပေးအပ်ခဲ့သည်။

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ရှိ စာပေသင်ကြားရေးဆိုင်ရာ အရာရှိများ နိုင်ငံတကာအဆင့်မီအတတ်ပညာများရရှိရေးအတွက် ပြည်ပသင်တန်းများ တက်ရောက်စေလွှတ်ခဲ့ရာ သူနာပြုပါရဂူဘွဲ့နှင့် သူနာပြုမဟာသိပ္ပံဘွဲ့အတွက် ၁၉၉၈ ခုနှစ်၊ ၁၉၉၉ ခုနှစ်နှင့် ၂၀၀၁ ခုနှစ်တို့တွင် ဩစတြေးလျနိုင်ငံ La Trobe တက္ကသိုလ်သို့လည်းကောင်း၊ ၂၀၂၂ ခုနှစ်တွင် သူနာပြုပါရဂူဘွဲ့အတွက် ထိုင်းနိုင်ငံ Burapha University သို့လည်းကောင်း စေလွှတ်ပညာသင်ကြားစေခဲ့သည်။

အလားတူ တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်မှ သင်တန်းဆင်း အထက်တန်းသူနာပြုများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် လက်တွေ့သူနာပြုစုမှု သင်တန်းသို့လည်းကောင်း၊ စင်ကာပူနိုင်ငံ National University Hospital တွင် နှလုံးရောဂါအထူးကြပ်မတ်ကုသမှု သင်တန်းသို့လည်းကောင်း၊ ထိုင်းနိုင်ငံ Ching Mai University နှင့် Mahidol University တို့တွင် သူနာပြုမဟာသိပ္ပံဘွဲ့နှင့် ဆေးဝါးမဟာသိပ္ပံဘွဲ့သင်တန်းများသို့လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံ University of Airlangga Mulyorejo Surabaya တက္ကသိုလ်တွင် သူနာပြုမဟာ သိပ္ပံဘွဲ့သင်တန်းသို့လည်းကောင်း ပညာတော်သင်စေလွှတ်ကာ တက်ရောက်အောင်မြင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြဝတီမြို့ အထကခွဲ (အောင်မြေရွှေဘုံ)၌ လူငယ်စကားဝိုင်းကျင်းပ

**မြဝတီ ဒီဇင်ဘာ ၂၇**

ကရင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် မြဝတီမြို့ အခြေခံပညာအထက်တန်းကျောင်းခွဲ (အောင်မြေရွှေဘုံ)၌ ကျင်းပသည်။

အခမ်းအနားတွင် မြဝတီမြို့နယ်ပညာရေးမှူး ဦးမိုးကျော်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာရီက လူငယ်စကားဝိုင်းကျင်းပရခြင်းရည်ရွယ်ချက်ကို ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲတွင် ဦးစီးအရာရှိ ဒေါ်ဇာဖြူဝင်းကဦးဆောင်၍ ကျောင်းသား ကျောင်းသူများက လူငယ်နှင့် စာရိတ္တပညာ၊ လူငယ်နှင့် နည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်မှု၊ လူငယ်နှင့် ဆေးလိပ်အန္တရာယ် တို့ကာကွယ် ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဇာဖြူဝင်း(မြဝတီ)**

# ကျောက်တံခါးမြို့နယ်သမဝါယမအသင်းစုလီမိတက်၏ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ကျောက်တံခါး ဒီဇင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျောက်တံခါးမြို့နယ် ဒဂုံ-မန်းလမ်းပေါ်ရှိ မြို့နယ်သမဝါယမအသင်းစုလီမိတက်ရုံး၌ ကျင်းပသည်။

ဦးစွာ ကျောက်တံခါးမြို့နယ် သမဝါယမအသင်းစုလီမိတက်ဥက္ကဋ္ဌ ဦးသန်းစိုး(သဘာပတိ)က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးသမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ချောစုလှိုင်က လမ်းညွှန်အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိဒေါ်မေယုဝါလှိုင်က သမဝါယမလုပ်ငန်းဆောင်ရွက်ချက်များကို ဆွေးနွေးပြောကြားပြီး မြို့နယ်သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် တင်သွင်းသည့် ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ၊ အသင်းစာရင်းစစ်အစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားသည်။



ဆက်လက်၍ ကျောက်တံခါးမြို့နယ် သမဝါယမအသင်းစုလီမိတက် သဘာပတိက ၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ်၏ ဒါရိုက်တာအဖွဲ့အစီရင်ခံစာ၊ အသင်းစာရင်းစစ်အစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများကို တက်ရောက်လာကြသည့် အသင်းစုဝင် ကိုယ်စားလှယ်များထံမှ အတည်ပြုချက်ရယူခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ ဘောဂဗေဒဘာသာရပ် သိကောင်းစရာများ

ဒေါက်တာစုစုမြတ်၊ ပါမောက္ခ(ဌာနမှူး)၊ အသုံးချဘောဂဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် ဘောဂဗေဒဘာသာရပ်နှင့် ပတ်သက်သော အထောက်အကူပြုဆွေးနွေးချက်များကို အပိုင်း (၂)ပိုင်း ခွဲ၍ ရှင်းလင်းဖော်ပြပါမည်။ ပထမပိုင်းတွင် စာမေးပွဲမေးခွန်းပုံစံကို ဖော်ပြမည်ဖြစ်ပြီး ဒုတိယပိုင်းတွင် မေးခွန်းကို ဖြေဆိုပုံဖြေဆိုနည်းများနှင့် သတိပြုရမည့်အချက်များကို ရှင်းလင်းပါမည်။

**တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းပုံစံ**

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ် မေးခွန်းလွှာတွင် မေးခွန်း (၅)ပုဒ် ပါရှိပါသည်။ မေးခွန်း (၅)ပုဒ်စလုံးကို ဖြေဆိုကြရမည်ဖြစ်သည်။

မေးခွန်းနံပါတ် (၁)တွင် (က)၊ (ခ) နှင့် (ဂ) ဟူ၍ (၃) ပိုင်းခွဲထားပါသည်။ ပြဋ္ဌာန်းစာအုပ်တွင် ပါဝင်သည့် အခန်းအားလုံးမှ သဘောတရားများ နားလည်သဘောပေါက်မှုကို ဆန်းစစ်သော မေးခွန်းဖြစ်သည့်အတွက် ဘာသာရပ်ကို ကောင်းစွာနားလည်မှသာ ဖြေဆိုနိုင်မည်ဖြစ်ပါသည်။ မေးခွန်းနံပါတ် (၁)အတွက် စုစုပေါင်း ပေးမှတ်မှာ (၃၀)မှတ်ဖြစ်သည်။

မေးခွန်းနံပါတ် ၁။(က)တွင် ဖော်ပြချက် (၁၀)ခုပါရှိပြီး ဖော်ပြချက်တစ်ခုစီကို မှား သို့မဟုတ် မှန် ဖြေဆိုရန် ဖြစ်ပါသည်။

မေးခွန်းနံပါတ် ၁။(ခ)တွင် ဖော်ပြချက် (၁၀)ခုပါရှိပြီး ဖော်ပြချက်တစ်ခုစီတွင် (က)၊ (ခ) နှင့် (ဂ) ဟူ၍ အဖြေ (၃)မျိုး ပေးထားသည့်အနက်၊ အဖြေမှန်တစ်ခုကိုသာ ရွေးချယ်ရန်ဖြစ်သည်။

မေးခွန်းနံပါတ် ၁။(ဂ)တွင် ဖော်ပြချက် (၁၀)ခုပါရှိပြီး ဖော်ပြချက်တစ်ခုစီတွင် စာကြောင်း အပြည့်အစုံ မဖော်ပြဘဲ ကွက်လပ်ပေးထားသည်။ ကွက်လပ်တွင်ဖြည့်စွက်ရန် လိုအပ်သောစာသားကို ရေးသားဖြေဆိုရမည်ဖြစ်သည်။ ဖြေဆိုရာတွင် နံပါတ်တပ်၍အဖြေကို တိကျစွာဖြေဆိုရန်ဖြစ်သည်။

မေးခွန်းနံပါတ် (၂)တွင် ပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များအနက် အဓိပ္ပာယ်ဖွင့်ဆိုချက်(၅)ခုမေးထားပါသည်။ အဓိပ္ပာယ်ဖွင့်ဆိုချက် (၁)ခုလျှင် ပေးမှတ် (၂) မှတ်ဖြစ်သဖြင့် အဓိပ္ပာယ်ဖွင့်ဆိုချက်(၅)ခုအတွက် ပေးမှတ်မှာ (၁၀)မှတ် ဖြစ်သည်။

မေးခွန်းနံပါတ် (၃)တွင် (၁၀)မှတ်တန် မှတ်စုတို (၄)ပုဒ်ပေးထားပြီး နှစ်သက်ရာ (၂)ပုဒ်ကို ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်းနံပါတ် (၃)အတွက် ပေးမှတ်မှာ(၂၀)မှတ်ဖြစ်သည်။ မေးခွန်းနံပါတ် (၄)တွင် (၂၀)မှတ်တန် မှတ်စုရှည်(၁)ပုဒ်ပေးထားပြီး (ရွေးချယ်ရန်အပုဒ်အပိုမပေးထား) မှတ်စုရှည် (၁)ပုဒ်ကို ဖြေဆိုရမည်ဖြစ်သည်။

မေးခွန်းနံပါတ်(၅)သည် တွက်ချက်မှုနှင့်သုံးသပ်ဖြေဆိုမှုများ ပြုလုပ်ရသည့်မေးခွန်းဖြစ်သည်။ ပေးထားသော ကိန်းဂဏန်းများနှင့် အချက်အလက်များကို အသုံးပြု၍ တွက်ချက်ခြင်း၊ မျဉ်းကွေးများ ရေးဆွဲခြင်း၊ သုံးသပ်ခြင်းများ ပြုလုပ်ဖြေဆိုရသည့်အတွက် သီအိုရီသဘောတရားများအပေါ် နားလည်တတ်ကျွမ်းမှုကို ဆန်းစစ်သော မေးခွန်းများဖြစ်သည်။ မေးခွန်းနံပါတ်(၅)မေးခွန်းခွဲ (က)၊ (ခ) နှင့် (ဂ)မှ နှစ်သက်ရာ(၂)ပုဒ်ကို ရွေးချယ်ဖြေဆိုရန်ဖြစ်သည်။ မေးခွန်းနံပါတ်(၅) အတွက် ပေးမှတ်မှာ (၂၀)မှတ် ဖြစ်သည်။

ထို့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာသည် မေးခွန်းအမျိုးအစား (၅)မျိုးပါဝင်သည့် မေးခွန်းလွှာဖြစ်သည်။ အမျိုးအစား (၅)မျိုးမှာ (၁) ဓမ္မဓိဋ္ဌာန် မေးခွန်းများ၊ (၂) အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ (၃) မှတ်စုတိုမေးခွန်း၊ (၄) မှတ်စုရှည်မေးခွန်းနှင့် (၅)တွက်ချက်မှုနှင့် သုံးသပ်ဖြေဆိုမှုများ ပြုလုပ်ရသည့် မေးခွန်းတို့ဖြစ်သည်။

**မေးခွန်းလွှာအမှတ်ခွဲဝေမှုပုံစံ**

| စဉ် | မေးခွန်းနံပါတ် | မေးခွန်းအမျိုးအစား | | ပေးမှတ် | |
|---|---|---|---|---|---|
| ၁ | ၁ ။ | ဓမ္မဓိဋ္ဌာန်<br>(က) မှား/မှန်<br>(ခ) အဖြေမှန်ရွေးချယ်<br>(ဂ) ကွက်လပ်ဖြည့် | <br>(၁၀ )ခု<br>(၁၀) ခု<br>(၁၀) ခု | အားလုံးဖြေ<br>(၁ မှတ် x ၁၀ ခု)<br>(၁ မှတ် x ၁၀ ခု)<br>(၁ မှတ် x ၁၀ ခု) | (၃၀) မှတ် |
| ၂ | ၂ ။ | အဓိပ္ပာယ်ဖွင့်ဆိုချက် | (၅) ခု | (၅) ခု<br>(၂ မှတ် x ၅ ခု) | (၁၀)<br>မှတ် |
| ၃ | ၃ ။ | မှတ်စုတို | (၄) ပုဒ် | (၂ ) ပုဒ်ဖြေ<br>(၁၀ မှတ် x ၂ ပုဒ်) | (၂၀) မှတ် |
| ၄ | ၄ ။ | မှတ်စုရှည် | (၁) ပုဒ် | (၁) ပုဒ်ဖြေ<br>(၂၀ မှတ် x ၁ ပုဒ်) | (၂၀ )<br>မှတ် |
| ၅ | ၅ ။ | တွက်ချက်မှုနှင့်သုံးသပ်ဖြေဆိုမှု | (၃) ပုဒ် | (၂ ) ပုဒ်ဖြေ<br>(၁၀ မှတ် x ၂ ပုဒ်) | (၂၀ )<br>မှတ် |

**ဖြေဆိုပုံဖြေဆိုနည်း**

မေးထားသော မေးခွန်း (၅)ပုဒ်ကို ဖြေဆိုရာတွင် တိကျမှန်ကန်စေရန်နှင့် အမှတ်ကောင်းရရှိစေရန် ဖြေဆိုပုံ ဖြေဆိုနည်းကို မေးခွန်း (၁)ပုဒ်ချင်းစီအတွက် ရှင်းလင်းသွားပါမည်။

**မေးခွန်း (၁-က)** ။ ။ ဤမေးခွန်းသည် ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပြီး ဖြေဆိုသူက ပေးထားသော ဖော်ပြချက်အတွက် မှားသည်(သို့) မှန်သည်ကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်းစာကြောင်း ပြန်ရေးရန် မလိုအပ်ပါ။ ရွေးချယ်ထားသောအဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ ဥပမာ - 'အပြည့် ပြိုင်ဆိုင်မှုရှိသောဈေးကွက်တွင် လုပ်ငန်းသည် အရှုံးနှင့်ရင်ဆိုင်နေရသော်လည်း စရိတ်ရှင်အတွက် ကာမိနေပါက လုပ်ငန်းကို ဆက်လက်လည်ပတ်မည်။' ဟူသော ဖော်ပြချက်အတွက် အဖြေမှာ 'မှန်' ဖြစ်သည့်အတွက် 'မှန်' ဟုသာ ဖြေဆိုရန်ဖြစ်သည်။ အဖြေလွှာစစ်ဆေးသူ (စာစစ်သူ) ဖတ်၍မရသော မှား/မှန် မကွဲပြားသော အဖြေများအတွက် အမှတ်မရရှိနိုင်ပါ။ ထို့ကြောင့် ဖြေဆိုသူက အဖြေကို ပီပီသသ၊ မှန်မှန်ကန်ကန် ဖော်ပြ ဖြေဆိုရပါမည်။ ဖော်ပြချက် (၁၀)ခုအတွက် (၁)ခုလျှင် (၁)မှတ်ဖြင့် စုစုပေါင်းပေးမှတ်မှာ (၁၀)မှတ်ဖြစ်သည်။

**မေးခွန်း (၁-ခ)** ။ ။ ဤမေးခွန်းတွင် ပေးထားသောဖော်ပြချက်များအတွက်အဖြေကို (က)၊ (ခ) နှင့် (ဂ) ဟု (၃)မျိုးပေးထားပြီး ယင်းအဖြေများထဲမှ အဖြေမှန်တစ်ခုကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ ဥပမာ 'ကာလရှည် စုစုပေါင်းရောင်းလိုအား မျဉ်းကွေးသည်(က)အလျားလိုက် ဝင်ရိုးနှင့် အပြိုင်ဖြစ်သည်။ (ခ) ဒေါင်လိုက်မျဉ်းဖြောင့်ဖြစ်သည်။ (ဂ) အပေါင်းလက္ခဏာလျှောစောက်ရှိသည်။' ဟူသော ဖော်ပြချက်တွင် အဖြေမှာ (ခ) ဒေါင်လိုက်မျဉ်းဖြောင့်ဖြစ်သည်။ ထို့ကြောင့် မေးခွန်း (၁-ခ)၊ မေးခွန်းနံပါတ်သေး(၁)အတွက် အဖြေကို (၁) (ခ) ဟု ဖြေဆိုရန်ဖြစ်သည်။ ဖော်ပြချက် (၁၀)ခု အတွက် (၁)ခုလျှင် (၁)မှတ်ဖြင့် စုစုပေါင်း ပေးမှတ် (၁၀)မှတ် ဖြစ်သည်။

**မေးခွန်း (၁-ဂ)** ။ ။ ဤမေးခွန်းသည်လည်း ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပြီး ဖြေဆိုသူက ပေးထားသော စာကြောင်းတွင် လိုအပ်သည့်ကွက်လပ်အတွက် အဖြေမှန်ဖြည့်စွက်ပေးရန်ဖြစ်သည်။ မေးခွန်းစာကြောင်းကို ပြန်ရေးသားရန်မလိုဘဲ ဖြည့်စွက်ရမည့်အဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ တိကျသော အဖြေဖြစ်ရန်နှင့် စာလုံးပေါင်းမှန်ရန်လိုအပ်သည်။ ဥပမာ- ပျမ်းမျှထုတ်ကုန် တိုးတက်စဉ် အစွန်းထွက် ထုတ်ကုန်သည် ပျမ်းမျှထုတ်ကုန်ထက် -------------- နေသည်ဟူသော မေးခွန်းအတွက်အဖြေမှာ 'ပိုမြင့်မား' ဖြစ်ရာ ယင်းအဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ မေးခွန်းဖော်ပြချက် (၁) ခုလျှင် (၁)မှတ်ဖြင့် (၁၀) ခုအတွက် စုစုပေါင်းပေးမှတ် (၁၀)မှတ် ဖြစ်သည်။

**မေးခွန်းနံပါတ်(၂)**တွင် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို မေးထားရာ၌ ပြဋ္ဌာန်းစာအုပ်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များအတိုင်း တိတိကျကျပြည့်စုံစွာ ဖြေဆိုရန်လိုအပ်ပါသည်။ ဖြေဆိုရာတွင် တိကျမှန်ကန်ပြည့်စုံပါက အဓိပ္ပာယ်ဖွင့်ဆိုချက် (၁)ခုအတွက် (၂)မှတ်အပြည့်၊ မှန်ကန်သော်လည်း မပြည့်စုံပါက (၁) မှတ်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက် မှားယွင်းပါက (၀)မှတ်ဟု အမှတ်ပေးစည်းမျဉ်း ချမှတ်စစ်ဆေးလေ့ရှိသဖြင့် ဂရုစိုက်ဖြေဆိုကြရန်ဖြစ်ပါသည်။ အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုလျှင် (၂)မှတ်နှင့် (၅)ခု ဖြေဆိုရသည့်အတွက် စုစုပေါင်းပေးမှတ်မှာ (၁၀)မှတ် ဖြစ်သည်။ မေးခွန်းနံပါတ် (၁)နှင့် မေးခွန်းနံပါတ် (၂) ကို တိကျမှန်ကန်စွာ ဖြေဆိုနိုင်ခြင်းဖြင့် အမှတ် (၄၀) အပြည့် ရရှိနိုင်ပါသည်။

**မေးခွန်းနံပါတ်(၃)**တွင် (၁၀)မှတ်တန် မှတ်စုတို (၄)ပုဒ် ပေးထားပြီး နှစ်သက်ရာ (၂)ပုဒ်ကို ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်းနံပါတ် (၄)တွင် အမှတ်(၂၀) မှတ်တန် မှတ်စုရှည် (၁) ပုဒ်ကို ဖြေဆိုရမည်ဖြစ်သည်။ မှတ်စုတိုနှင့် မှတ်စုရှည်မေးခွန်းများကို ဖြေဆိုနိုင်ရန်မှာ ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာအားလုံးကို နှံ့စပ်စွာ ဖတ်ရှုလေ့လာရန် အထူးလိုအပ်ပါသည်။ အချက်အလက်များကို ဖော်ပြရှင်းလင်းရန်ဟုမေးပါက အဖြေလွှာစစ်ဆေးသူ ရှင်းလင်းစွာစစ်ဆေးနိုင်ရန် မေးထားသည့် အချက်အလက်များကို ဦးစွာဖော်ပြပြီးမှ (၁)ချက်ချင်းစီကို ရှင်းလင်းဖြေဆိုသင့်ပါသည်။

**မေးခွန်းနံပါတ် (၅)**တွင် တွက်ချက်မှုနှင့် သုံးသပ်ဖြေဆိုမှုပြုလုပ်ရသည့် မေးခွန်းများကို (က)၊ (ခ) နှင့် (ဂ) ဟူ၍ မေးခွန်း (၃)ခု မေးထားပြီး နှစ်သက်ရာ (၂)ခုကို ဖြေဆိုရပါမည်။ တိကျမှန်ကန်စွာ ဖြေဆိုနိုင်ပါက အမှတ်ပြည့်ရရှိနိုင်သော်လည်း တွက်ချက်မှုနှင့် သုံးသပ်ချက်များ မှားယွင်းပါက အမှတ်လျော့လွယ်သော မေးခွန်းပုံစံဖြစ်ပါသည်။ ထို့ကြောင့် မေးခွန်းနံပါတ် (၅)နှင့်ပတ်သက်၍ အထူးအလေးပေးရှင်းလင်းလိုပါသည်။

သင်ခန်းစာ (၈)ခန်း ရှိသည့်အနက် တွက်ချက်မှုနှင့် သုံးသပ်ဖြေဆိုမှုပြုလုပ်ရသည့် မေးခွန်းများကို မေးနိုင်သည့်အခန်းမှာ (၄)ခန်းရှိသည်။ ယင်းအခန်းများမှာ သင်ခန်းစာအခန်း(၁)၊ အခန်း(၂)၊ အခန်း(၃) နှင့် အခန်း(၇) တို့ဖြစ်ကြသည်။

(က) **အခန်း(၁)** 'ဝယ်လိုအားအလျော့အတင်းနှင့် ရောင်းလိုအားအလျော့အတင်း'တွင် ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း၊ အခြားဝယ်လိုအား အလျော့အတင်းများနှင့် ရောင်းလိုအား အလျော့အတင်းများကို တွက်ချက်စေသောမေးခွန်းများတွင် မေးထားသည့် အလျော့အတင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုံသေနည်းကို ဦးစွာဖြေဆိုရပါမည်။ ထို့နောက် တွက်ချက်မှုနှင့် သုံးသပ်မှုကို ပြုလုပ်ရပါမည်။ ဥပမာ - ဝယ်လိုအား၏ ဈေးနှုန်း အလျော့အတင်း ပုစ္ဆာမေးခွန်းကို ဖြေဆိုရာတွင် ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုံသေနည်းကို ဦးစွာဖြေဆိုပြီးမှ ပေးထားသော ကိန်းဂဏန်းအချက်အလက်များကို အသုံးပြု၍ တွက်ချက်ရပါမည်။ ထို့နောက် တွက်ချက်ရရှိသော အဖြေကို ဝယ်လိုအား၏ဈေးနှုန်း အလျော့အတင်းသဘောတရားများအရ သုံးသပ်ဖြေဆိုရမည်။ ထို့အတူ အခြားသော အလျော့အတင်း ပုစ္ဆာမေးခွန်းများကို ဖြေဆိုရာတွင်လည်း အထက်ပါအတိုင်း ဖြေဆိုရမည်။

**ဤအခန်းတွင် သတိပြုရန်အချက်မှာ** တွက်ချက်ရရှိသော ဝယ်လိုအားအလျော့အတင်း တန်ဖိုးအရ ကုန်စည်၏ဝယ်လိုအားအလျော့အတင်းအနည်း/အများကို သုံးသပ်နိုင်သကဲ့သို့ အလျော့အတင်း တန်ဖိုးကို တွက်ချက်မှုမပြုလုပ်ဘဲ ဈေးနှုန်းပြောင်းလဲမှုနှင့် စုစုပေါင်း ရောင်းရငွေ ပြောင်းလဲမှုအရလည်း ကုန်စည်၏ဝယ်လိုအား အလျော့အတင်း အနည်း/အများကို သုံးသပ်နိုင်ကြောင်း သိရှိထားရန် လိုအပ်ပါသည်။ ဥပမာ အောက်ဖော်ပြပါဇယားတွင် ဈေးနှုန်းနှင့် ဝယ်ယူသည့် အရေအတွက်များကို ဖော်ပြထားသည်။

| ဈေးနှုန်း (ကျပ်) | အရေအတွက် ယူနစ် | စုစုပေါင်း ရောင်းရငွေ (ကျပ်) | အလျော့အတင်း ($E_d$) |
|---|---|---|---|
| ၇၀ | ၂ | ၁၄၀ | - |
| ၆၀ | ၄ | ၂၄၀ | များ |
| ၅၀ | ၆ | ၃၀၀ | များ |

**ဇယားပါအချက်အလက်များအရ ဈေးနှုန်း၊ စုစုပေါင်းရောင်းရငွေနှင့် ဝယ်လိုအား အလျော့အတင်းတို့၏ ဆက်စပ်မှုများကို ရှင်းလင်းဖြေဆိုပါဟူသော မေးခွန်းမျိုး သို့မဟုတ် ဈေးနှုန်းပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသောရောင်းရငွေပြောင်းလဲမှုအပေါ်မူတည်၍ ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်းကို သုံးသပ်ဖြေဆိုပါ ဟူသော မေးခွန်းမျိုးတွင် ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း ($E_d$) ကို တွက်ချက်ဖော်ပြရန် မလိုအပ်ပါ။** ဈေးနှုန်းနှင့် အရေအတွက်ကို

**စာမျက်နှာ ၁၉ သို့ »»**



ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၈)ရပ်ကွက် ဖွဲ့စုံသာသနာရာမ ကျောင်းတိုက်အတွင်းရှိ သမိုင်းဝင်ဆုတောင်းပြည့် အောင်တော်မူစေတီတော်မြတ်ကြီး၏ (၁၀၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ပွဲတော်ကို ဒီဇင်ဘာ ၂၆ ရက်က ကျင်းပရာ ပဓာနနာယကဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဓမ္မပီယ အမှူးပြုသော သံဃာတော်များ၊ နိုင်ငံတော်သံဃနာယက ဆရာတော်များ၊ မြို့နယ်သံဃနာယက ဆရာတော်များ စုစုပေါင်း ၁၀၈ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူကြစဉ်။ တင်ဝင်းလေး(ကြည့်မြင်တိုင်)

# ပေါင်မြို့နယ်၌ (၃၈)ဖြာမင်္ဂလာနှင့် ယဉ်ကျေးလိမ္မာဗုဒ္ဓဝင်စာမေးပွဲ ကျင်းပ

ပေါင် ဒီဇင်ဘာ ၂၇

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)ဗဟိုမှ ကြီးမှူးကျင်းပသည့် (၇၅)ကြိမ်မြောက်စိန်ရတု (၃၈)ဖြာမင်္ဂလာနှင့် ယဉ်ကျေးလိမ္မာဗုဒ္ဓဝင်စာမေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ပေါင်မြို့နယ် စာစစ်ဌာနသုံးခု၌ ကျင်းပသည်။

(၃၈)ဖြာမင်္ဂလာနှင့် ယဉ်ကျေးလိမ္မာဗုဒ္ဓဝင်စာမေးပွဲဖြေဆိုရာတွင် စာစစ်ဌာနများဖြစ်ကြသည့် အထက(မင်းတန်း)၊ အထက(ဇင်းကျိုက်)၊ အထက(နတ်ကြီးချောင်)တို့မှ ကျောင်းသား ကျောင်းသူ အလတ်တန်း ၉၈ ဦး၊ အငယ်တန်း ၅၇၁ ဦး စုစုပေါင်း ၆၆၉ ဦး ဖြေဆိုခဲ့ကြရာ



စမ္မာနဂိုရ်ဓာတ်တော် နန်းဦးကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တ ဝိစိတ္တသာရ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် အဖွဲ့ဝင်တို့က ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

**ASEAN Cup မှ**

ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် ထိုင်းအသင်းက ချေပဂိုးရရန် ကြိုးပမ်းလာရာ ပထမပိုင်းပြီးခါနီးတွင် ဆူဖာနန်က ခေါင်းတိုက်ပြီး ဂိုးပြန်သွင်းခဲ့သဖြင့် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီ သရေကျနေသည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး အပြန်အလှန် ကစားနိုင်သော်လည်း ပွဲပြီးခါနီး ၉၀+၅ မိနစ်တွင် ပြစ်ဒဏ်ဘောမှတစ်ဆင့် လီနာရက်စ်က ခေါင်းတိုက်ပြီး ဖိလစ်ပိုင်အသင်းအတွက် အနိုင်ဂိုးသွင်းယူခဲ့သည်။

ဆီမီးဖိုင်နယ် ဒုတိယအကျော့အဖြစ် ဒီဇင်ဘာ ၂၉ ရက်တွင် ဗီယက်နမ်နိုင်ငံ၌ ဗီယက်နမ်အသင်းနှင့် စင်ကာပူအသင်း၊ ဒီဇင်ဘာ ၃၀ ရက်တွင် ထိုင်းနိုင်ငံ၌ ထိုင်းအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ကိုညီလေး**

»»» **စာမျက်နှာ ၁၈ မှ**

မြောက်ခြင်းဖြင့် စုစုပေါင်းရောင်းရငွေကို တွက်ချက်ရရှိမည်။ အထက်ပါ ဇယားအရ ဈေးနှုန်း (၇၀) ကျပ်တွင် ရောင်းရငွေမှာ (၁၄၀) ကျပ် [ ဈေးနှုန်း (၇၀) ကျပ် x (၂) ယူနစ် = ရောင်းရငွေ ၁၄၀ ကျပ် ]၊ ဈေးနှုန်း (၆၀) ကျပ်တွင် ရောင်းရငွေမှာ (၂၄၀) ကျပ် [ ဈေးနှုန်း (၆၀) ကျပ် x (၄) ယူနစ်= ရောင်းရငွေ ၂၄၀ ကျပ် ]၊ ဈေးနှုန်း (၅၀) ကျပ်တွင် ရောင်းရငွေမှာ (၃၀၀) ကျပ် [ ဈေးနှုန်း (၅၀) ကျပ် x (၆) ယူနစ် = ရောင်းရငွေ ၃၀၀ ကျပ် ] စသဖြင့်တွက်ချက်ရရှိသည်။ ဈေးနှုန်းသည် (၇၀) ကျပ်မှ (၆၀) ကျပ်၊(၆၀) ကျပ်မှ (၅၀) ကျပ်သို့ ကျဆင်းသွားသောအခါ ဝယ်ယူသော အရေအတွက်သည် တိုးလာပြီး ရောင်းရငွေလည်း တိုးသွားသည်။ ဝယ်ယူသည့် အရေအတွက်တိုးလာခြင်းသည် ဈေးနှုန်းကျဆင်းခြင်းထက် အချိုးအစားပိုများသောကြောင့် ရောင်းရငွေတိုးလာခြင်းဖြစ်သည်။ ဈေးနှုန်းနှင့် ရောင်းရငွေ ပြောင်းပြန်ဆက်စပ်သဖြင့် ဝယ်လိုအား အလျော့အတင်းများသည်ဟု သုံးသပ်နိုင်သည်။

အောက်ဖော်ပြပါဇယားတွင် ဈေးနှုန်းနှင့်ဝယ်ယူသည့် အရေအတွက်များကို ဖော်ပြထားသည်။

| ဈေးနှုန်း (ကျပ်) | အရေအတွက် ယူနစ် | စုစုပေါင်း ရောင်းရငွေ (ကျပ်) | အလျော့အတင်း ($E_d$) |
|---|---|---|---|
| ၃၀ | ၁၀ | ၃၀၀ | - |
| ၂၀ | ၁၂ | ၂၄၀ | နည်း |
| ၁၀ | ၁၄ | ၁၄၀ | နည်း |

**ဇယားပါအချက်အလက်များအရ** ဈေးနှုန်းနှင့်အရေအတွက်ကိုမြှောက်ခြင်းဖြင့် စုစုပေါင်းရောင်းရငွေကို တွက်ချက်ရရှိမည်။ အထက်ပါဇယားအရ ဈေးနှုန်း (၃၀) ကျပ်တွင် ရောင်းရငွေမှာ (၃၀၀) ကျပ် [ ဈေးနှုန်း (၃၀) ကျပ် x (၁၀) ယူနစ် = ရောင်းရငွေ ၃၀၀ ကျပ် ]၊ ဈေးနှုန်း (၂၀) ကျပ်တွင် ရောင်းရငွေမှာ (၂၄၀) ကျပ် [ ဈေးနှုန်း (၂၀) ကျပ် x (၁၂) ယူနစ် = ရောင်းရငွေ ၂၄၀ ကျပ် ]၊ ဈေးနှုန်း (၁၀) ကျပ်တွင် ရောင်းရငွေမှာ (၁၄၀) ကျပ် [ ဈေးနှုန်း (၁၀) ကျပ် x (၁၄) ယူနစ်= ရောင်းရငွေ ၁၄၀ ကျပ် ] စသဖြင့် တွက်ချက်ရရှိနိုင်သည်။ ဈေးနှုန်းသည် (၃၀) ကျပ်မှ (၂၀) ကျပ်၊ (၂၀) ကျပ်မှ (၁၀) ကျပ်သို့ ကျဆင်းသွားသောအခါ ဝယ်ယူသော အရေအတွက်သည် တိုးလာသော်လည်း ရောင်းရငွေမှာ ကျဆင်းသွားသည်။ ဝယ်ယူသည့် အရေအတွက်တိုးခြင်းသည် ဈေးနှုန်းကျဆင်းခြင်းထက် အချိုးအစားပိုနည်းသောကြောင့် ရောင်းရငွေလျော့နည်းသွားခြင်းဖြစ်သည်။ ဈေးနှုန်းနှင့် ရောင်းရငွေ တိုက်ရိုက်ဆက်စပ်သဖြင့် ဝယ်လိုအား အလျော့အတင်းနည်းသည်ဟု သုံးသပ်နိုင်သည်။

(ခ) **အခန်း(၂) 'ထုတ်လုပ်မှုသီအိုရီ'** တွင် စုစုပေါင်းထုတ်ကုန်၊ ပျမ်းမျှထုတ်ကုန်နှင့် အစွန်းထွက်ထုတ်ကုန်ဆိုင်ရာမေးခွန်းမျိုးတွင် ပေးထားသောကိန်းဂဏန်းအချက်အလက်များကို အသုံးပြု၍ ထုတ်ကုန်များတွက်ချက်ပုံ၊ ထုတ်ကုန်မျဉ်းကွေးများရေးဆွဲပုံ၊ ထုတ်ကုန်မျဉ်းကွေးများ၏ ဆက်စပ်ပုံနှင့် ထုတ်လုပ်မှု အဆင့်များ ပိုင်းခြားသတ်မှတ်ပုံများကိုသိရှိထားရန်လိုအပ်ပါသည်။ ဖြေဆိုရာတွင် ပုံသေနည်းကို ဦးစွာဖြေဆိုပြီးမှ ပေးထားသော ကိန်းဂဏန်းအချက်အလက်များအရ တွက်ချက်ရရှိသော ထုတ်ကုန်အရေအတွက်များကို ဇယားတွင် ဖြည့်စွက်ဖြေဆိုရပါသည်။

(ဂ) **အခန်း(၃) 'စရိတ်သီအိုရီ'**တွင် စုစုပေါင်းစရိတ်၊ ပျမ်းမျှစရိတ်နှင့် အစွန်းထွက်စရိတ်ဆိုင်ရာ မေးခွန်းမျိုးတွင် ပေးထားသောကိန်းဂဏန်းအချက်အလက်များကို အသုံးပြု၍ စရိတ်အမျိုးမျိုး တွက်ချက်ပုံ၊ စရိတ်မျဉ်းကွေးများရေးဆွဲပုံနှင့် စရိတ်မျဉ်းကွေးများဆက်စပ်ပုံတို့ကို လေ့လာသိရှိထားရန် လိုအပ်သည်။ တွက်ချက်ရာတွင် ပုံသေစရိတ်နှင့် စရိတ်ရှင်သဘောကိုလည်း သိရှိနားလည်ရန်လိုအပ်ပါသည်။ ဥပမာ- မေးခွန်းတွင် ကုန်ထွက်အသီးသီးရှိ စုစုပေါင်းစရိတ်များကို ပေးထားပါက ကုန်ထွက်သုညရှိ စုစုပေါင်းစရိတ်သည် ပုံသေစရိတ်ဖြစ်ကြောင်း၊ ပုံသေစရိတ်သည် ကုန်ထွက်အဆင့်တိုင်းအတွက် အတူတူပင်ဖြစ်ကြောင်း စုစုပေါင်းစရိတ်မှ ပုံသေစရိတ်ကိုနုတ်ခြင်းဖြင့် စုစုပေါင်းစရိတ်ရှင်ကို ရရှိနိုင်ကြောင်း သိရှိရန်လိုသည်။ ဖြေဆိုရာတွင် ပုံသေနည်းကို ဦးစွာဖြေဆိုပြီးမှ ပေးထားသော ကိန်းဂဏန်း အချက်အလက်များအရ တွက်ချက်ရရှိသောစရိတ်များကို ဇယားတွင် ဖြည့်စွက်ဖြေဆိုရပါမည်။

(ဃ) **အခန်း(၇) 'စီးပွားရေးတိုးတက်မှု'** တွင် အမှန် GDP တန်ဖိုးများမှ စီးပွားရေးတိုးတက်မှုနှုန်း တွက်ချက်ပုံနှင့်သုံးသပ်ပုံ၊ အချိန်ကာလတစ်ခုအတွက် ပျမ်းမျှစီးပွားရေးတိုးတက်မှုနှုန်း တွက်ချက်ပုံနှင့်သုံးသပ်ပုံ၊ GDP ကျုံ့ကိန်းတွက်ချက်ပုံ၊ GDP ကျုံ့ကိန်းမှဈေးဆနှုန်းကိန်းတွက်ချက်ပုံ၊ GDP ဈေးဆနှုန်းကိန်းမှ ငွေဖောင်းပွမှုနှုန်းတွက်ချက်ပုံနှင့် သုံးသပ်ပုံများကို လေ့လာထားရန် လိုအပ်သည်။ တွက်ချက်ရာတွင် အသုံးပြုသော ပုံသေနည်းများကို ဦးစွာဖော်ပြရမည်။

စီးပွားရေးတိုးတက်မှုနှုန်းကို တွက်ချက်သုံးသပ်ရာတွင် စီးပွားရေးတိုးတက်မှုနှုန်းသည် မည်သည့်နှစ်များတွင် ပျမ်းမျှစီးပွားရေးတိုးတက်မှုနှုန်းထက်မြင့်မားသည်၊ မည်သည့်နှစ်များတွင် ပျမ်းမျှစီးပွားရေး တိုးတက်မှုနှုန်းထက်နိမ့်သည် စသဖြင့်သုံးသပ်နိုင်သည်၊ အချို့နှစ်များတွင် စီးပွားရေးတိုးတက်မှုနှုန်းသည် ဆက်တိုက်တက်ခြင်းရှိပါက စီးပွားရေးတိုးတက်မှုနှုန်းသည် မည်သည့်နှစ်မှ မည်သည့်နှစ်အထိ ဆက်တိုက်တက်နေသည်၊ အချို့နှစ်များတွင် စီးပွားရေး တိုးတက်မှုနှုန်းသည် ဆက်တိုက်ကျဆင်းနေပါက မည်သည့်နှစ်မှ မည်သည့်နှစ်အထိ ဆက်တိုက်ကျနေသည် စသဖြင့် သုံးသပ်နိုင်သည်။ စီးပွားရေးတိုးတက်မှုနှုန်း အတက်အကျရှိပါက မည်သည့်နှစ်တွင် စီးပွားရေး တိုးတက်မှုနှုန်းကျဆင်းပြီး မည်သည့်နှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ပြန်လည်တိုးတက်လာသည်၊ မည်သည့်နှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်းသည် တိုးတက်ပြီး မည်သည့်နှစ်တွင် စီးပွားရေး တိုးတက်မှုနှုန်း ကျဆင်းသွားသည် စသည်ဖြင့် ကာလတစ်လျှောက် တွက်ချက်ရရှိသော စီးပွားရေး တိုးတက်မှုနှုန်းများကို သုံးသပ်ဖော်ပြနိုင်သည်။ **သတိပြုရန်အချက်မှာ** တွက်ချက်ရရှိသော စီးပွားရေး တိုးတက်မှုနှုန်းသည် အနုတ်လက္ခဏာဖြစ်ပါက ထိုနှစ်တွင် စီးပွားရေးတိုးတက်မှုမရှိဘဲ စီးပွားရေး ဆုတ်ယုတ်ကျဆင်းသည်ဟု သုံးသပ်နိုင်သည်။

ငွေဖောင်းပွမှုနှုန်းကို တွက်ချက်ရာတွင် တွက်ချက်လိုသော လက်ရှိနှစ်နှင့် နှိုင်းယှဉ်လိုသော လွန်ခဲ့သောနှစ်အကြား ငွေဖောင်းပွမှုနှုန်းကိုတွက်ချက်ခြင်းဖြစ်သည်။

ငွေဖောင်းပွမှုနှုန်းတွက်ချက်သောပုံသေနည်းမှာ

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{လက်ရှိနှစ်၏ ဈေးဆနှုန်းကိန်း}-\text{လွန်ခဲ့သောနှစ်၏ ဈေးဆနှုန်းကိန်း}}{\text{လွန်ခဲ့သောနှစ်၏ ဈေးဆနှုန်းကိန်း}} \times \text{၁၀၀}$$

ဥပမာ ၂၀၁၄ ခုနှစ်နှင့် နှိုင်းယှဉ်၍ ၂၀၁၅ ခုနှစ်ရှိ ငွေဖောင်းပွမှုနှုန်းကိုတွက်ချက်ရာတွင် ၂၀၁၅ ခုနှစ်သည် တွက်ချက်လိုသောလက်ရှိနှစ်ဖြစ်ပြီး ၂၀၁၄ ခုနှစ်သည် နှိုင်းယှဉ်လိုသော လွန်ခဲ့သောနှစ်ဖြစ်သည်။ သို့ဖြစ်၍

၂၀၁၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၁၅ ခုနှစ်ရှိ ငွေဖောင်းပွမှုနှုန်းမှာ

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{၂၀၁၅ ၏ ဈေးဆနှုန်းကိန်း}-\text{၂၀၁၄ ၏ ဈေးဆနှုန်းကိန်း}}{\text{၂၀၁၄ ၏ ဈေးဆနှုန်းကိန်း}} \times \text{၁၀၀ ဖြစ်သည်။}$$

အကယ်၍ နှစ်အလိုက် ငွေဖောင်းပွမှုနှုန်းကို အခြေခံနှစ်နှင့်နှိုင်းယှဉ်၍ တွက်ချက်ပါဟု မေးထားပါက ပုံသေနည်းတွင် လွန်ခဲ့သောနှစ်နေရာ၌ အခြေခံနှစ်ကို ထည့်သွင်းတွက်ချက်ရမည်။

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{လက်ရှိနှစ်၏ ဈေးဆနှုန်းကိန်း}-\text{အခြေခံနှစ်၏ ဈေးဆနှုန်းကိန်း}}{\text{အခြေခံနှစ်၏ ဈေးဆနှုန်းကိန်း}} \times \text{၁၀၀}$$

ဥပမာ ၂၀၁၀ ပြည့်နှစ်သည် အခြေခံနှစ်ဖြစ်သည်ဆိုပါစို့။ ၂၀၁၅ ခုနှစ်ရှိ ငွေဖောင်းပွမှုနှုန်းကို အခြေခံနှစ်နှင့် နှိုင်းယှဉ်တွက်ချက်လိုလျှင်

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{၂၀၁၅ ၏ ဈေးဆနှုန်းကိန်း}-\text{၂၀၁၀ ၏ ဈေးဆနှုန်းကိန်း}}{\text{၂၀၁၀ ၏ ဈေးဆနှုန်းကိန်း}} \times \text{၁၀၀ ဖြစ်သည်။}$$

ငွေဖောင်းပွမှုနှုန်းကိုသုံးသပ်ပုံမှာ မည်သည့်နှစ်တွင် တက်သည်၊ မည်သည့်နှစ်တွင် ကျသည်၊ မည်သည့်နှစ်မှ မည်သည့်နှစ်အထိ ဆက်တိုက်တက်သည်၊ မည်သည့်နှစ်မှ မည်သည့်နှစ်အထိ ဆက်တိုက်ကျသည်၊ ငွေဖောင်းပွမှုနှုန်း မည်သည့်နှစ်တွင် အနိမ့်ဆုံးဖြစ်၍၊ မည်သည့်နှစ်တွင် အမြင့်ဆုံးဖြစ်သည် စသဖြင့်သုံးသပ်ဖော်ပြနိုင်သည်။

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာသည် သင်ခန်းစာများကို နှံ့စပ်စွာ နားလည်တတ်မြောက်စေမှုကို ရည်ရွယ်ခြင်းဖြစ်ရာ သင်ခန်းစာများကို နှံ့စပ်စွာ လေ့လာထားရန် လိုအပ်ပါသည်။ ဓမ္မဓိဋ္ဌာန်မေးခွန်းနှင့်တွက်ချက်သုံးသပ်မှုမေးခွန်းများကို ဖြေဆိုနိုင်ပါက အောင်မှတ်ရရှိနိုင်သော်လည်း အခန်းရွေးချယ်၍ အလွတ်ကျက်မှတ်ဖြေဆိုခြင်းဖြင့် ဂုဏ်ထူးမှတ်ရရှိရန် လွယ်ကူမည်မဟုတ်ကြောင်း သတိပြုစေလိုပါသည်။

ဖြေဆိုသူ ကျောင်းသား ကျောင်းသူများအားလုံး ထူးချွန်စွာအောင်မြင်ပါစေဟု ဆန္ဒပြုလိုက်ပါသည်။

# ပဲခူးမြို့၌ ငွေကျပ် ၁၄ ဒသမ ၁ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ငါးသန်းကျော်၊ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၁၇၀ နှင့် Happy Water ၂ ဒသမ ၆ ကီလို သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၂၇

ပဲခူးမြို့၌ ငွေကျပ် ၁၄ ဒသမ ၁ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ငါးသန်းကျော်၊ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၁၇၀ နှင့် Happy Water ၂ ဒသမ ၆ ကီလို သိမ်းဆည်းရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၀ ရက်တွင် ပဲခူးမြို့ ရပ်ကွက်ကြီး(၆) ဗိုလ်အောင်ကျော်လမ်း၌ ကျော်ဆန်းဦး မောင်းနှင်ပြီး မလွှမ်းယန်း လိုက်ပါလာသည့် TOYOTA DYNA ယာဉ်ကို သတင်းအရရှာဖွေရာ ငွေကျပ် ၁၄ ဒသမ ၁၁၅၄ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅၂ ဒသမ ၃ သိန်း၊ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၁၇၀ နှင့် Happy Water ၂ ဒသမ ၆၇ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ညနေ ၆ နာရီတွင် စိတ်ပြောင်းဆေးဝါးများ သယ်ဆောင်ခိုင်းသူများဖြစ်သည့် နိုင်နိုင်ဝင်း(ခ)ရက်ဖီးနှင့် တင်ထွန်းနိုင်တို့အား ပဲခူးမြို့ ရပ်ကွက်ကြီး(၆) ဗိုလ်အောင်ကျော်လမ်းရှိဟိုတယ်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါးများကို ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့မှ ပဲခူးမြို့သို့ သယ်ဆောင်ပြီး ၎င်းမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။


ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်

# အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် ဒီဇင်ဘာ ၂၇

အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် (၁၁) နှစ်စီချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်နေ ရဲတင့်နှင့် ကေယဉ်ယဉ်ထွန်းတို့က ချမ်းအေးသာစံမြို့နယ်နေ မ----၊ ၂၇/၂၄ နှစ်ကို တရုတ်နိုင်ငံ၌ တရုတ်ယောကျ်ားယူပါက ယွမ် ၁၅၀၀၀ ရရှိမည်၊ တစ်နှစ်ပေါင်းသင်းပြီးပါက ယွမ် ၁၅၀၀၀ ထပ်မံရရှိမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်ပြည်သို့ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့ကြသဖြင့် ချမ်းအေးသာစံမြို့နယ် အမှတ်(၃) နယ်မြေရဲစခန်း (ပ) ၅၅/ ၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုဖွင့်လှစ်ခဲ့သည်။ အဆိုပါအမှုအား မဟာအောင်မြေ ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၂၄ ရက်တွင် တရားခံ ရဲတင့်နှင့် ကေယဉ်ယဉ်ထွန်းတို့ နှစ်ဦးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ်(၁၁)နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း၊ တိမ်းရှောင်တရားခံ အေးအေးမိုး (ခ) မမမိုး အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အရ ဝရမ်း အတည်ပြုခဲ့ကြောင်း သိရသည်။ သတင်းစဉ်




# မြောက်ဥက္ကလာပမြို့နယ် သမဝါယမအသင်းစုလီမိတက် အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၇

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် သမဝါယမအသင်းစု လီမိတက်၏ ၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက အဆိုပါ အသင်းစုခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်က ဝန်ကြီးဌာနမှ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည့် မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ ဦးစီးဌာနက ဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များကို ချပြရှင်းလင်းပြီး သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အသင်းစုဥက္ကဋ္ဌ ဦးစိုးမြင့်က အသင်း၏အခြေအနေများကို ရှင်းလင်းပြောကြားပြီး အသင်းဝင် အသင်းသားများအား အစုအမြတ်ငွေကျပ် ၂၉၅၀၀၀၀ နှင့် အသင်းသားလက်ဆောင်တန်ဖိုးငွေကျပ် ၂၄၇၈၀၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၅၄၂၈၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။ သက်လွင်စိုး(ပြန်/ဆက်)

# မိုးပြဲမြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းများဖြင့် ဗုံးကြဲမှုကြောင့် နေအိမ် ၅၀ ကျော် ပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၇

ရှမ်းပြည်နယ် ကရင်နီနယ်စပ် မိုးပြဲမြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းများဖြင့် ဗုံးကြဲမှုကြောင့် နေအိမ် ၅၀ ကျော် ပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းတုသတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများ၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါမြို့တွင် အကြမ်းဖက်သမားများ တရားမဝင်ဝင်ရောက်ခိုအောင်းနေထိုင်မှုမရှိစေရေးနှင့် နယ်မြေအေးချမ်းတည်ငြိမ်မှုရှိစေရေးအတွက် လုံခြုံရေးလုပ်ငန်းများကို နေ့ညမပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှုကို မလိုလားဘဲ ပြည်သူများနေထိုင်ရာ နယ်မြေအတွင်း တိုက်ပွဲများဖော်ဆောင်ခြင်းနှင့် ရှုံ့ရှာစက်ဆုပ် ဖွယ်အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခြင်းကြောင့် နယ်မြေခံပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများ ပျက်စီးဆုံးရှုံးရခြင်း ဖြစ်ကြောင်း၊ တရားမဝင် အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ ဥပဒေမဲ့လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အပြစ်ပုံချကာ ယခုကဲ့သို့ မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရသည်။




သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၁၂-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၁၀ | ၃၁၂၀ | ၃၀၉၀ | ၃၀၂၅ | ၃၁၃၀ | ၃၁၄၅ | ၃၁၆၀ | ၃၀၈၀ | ၄၅၀၅ | ၃၃၇၅ | ၃၀၉၅ | ၃၁၀၀ | ၃၁၇၀ | ၃၁၃၅ | ၃၁၅၅ | ၃၄၁၀ | ၃၉၀၀ |
| 95 Ron | ၃၁၂၀ | ၃၂၃၀ | ၃၂၀၀ | ၃၁၃၅ | ၃၂၄၀ | ၃၂၅၅ | ၃၂၇၀ | ၃၁၉၀ | ၄၅၆၀ | ၃၄၈၅ | ၃၂၀၅ | ၃၂၁၀ | ၃၂၈၀ | ၃၂၄၅ | ၃၂၆၅ | ၃၅၂၀ | ၄၀၅၀ |
| HSD (500 ppm) | ၂၆၃၅ | ၂၇၅၀ | ၂၇၁၅ | ၂၆၅၀ | ၂၇၅၅ | ၂၇၇၀ | ၂၇၉၀ | ၂၇၀၅ | - | ၃၀၀၀ | ၂၇၂၅ | ၂၇၂၅ | ၂၇၉၅ | ၂၇၆၀ | ၂၇၈၀ | ၃၀၄၀ | ၃၉၀၀ |
| HSD (50 ppm) | ၃၂၆၀ | ၃၃၇၅ | ၃၃၄၀ | ၃၂၇၅ | ၃၃၈၀ | ၃၃၉၅ | ၃၄၁၅ | ၃၃၃၀ | ၄၈၃၀ | ၃၆၂၅ | ၃၃၅၀ | ၃၃၅၀ | ၃၄၂၀ | ၃၃၈၅ | ၃၄၀၅ | ၃၆၆၅ | - |
| HSD (10 ppm) | ၃၂၆၀ | ၃၃၇၅ | ၃၃၄၀ | ၃၂၇၅ | ၃၃၈၀ | ၃၃၉၅ | ၃၄၁၅ | ၃၃၃၀ | - | ၃၆၂၅ | ၃၃၅၀ | ၃၃၅၀ | ၃၄၂၀ | ၃၃၈၅ | ၃၄၀၅ | ၃၆၆၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၃၉ | ၂၉၂၉ |
| 95 Ron | ၂၉၄၆ | ၃၀၃၈ |
| HSD (500 ppm) | ၂၄၇၈ | ၂၅၅၇ |
| HSD (50 ppm) | ၃၀၈၃ | ၃၁၇၄ |
| HSD (10 ppm) | ၃၀၈၃ | ၃၁၇၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

○ လီဗာပူးမှ

အခုပွဲစဉ်မှာ လီဗာပူးအသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ ဂတ်ပိုဟာ ယခုဘောလုံးရာသီမှာ ပြိုင်ပွဲစုံသွင်းဂိုး ၁၀ ဂိုးအထိ ရှိလာခဲ့ပြီလည်းဖြစ်ပါတယ်။ လက်စတာစီးတီးအသင်းဟာ လီဗာပူးအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်ခုနစ်ပွဲမှာ ငါးပွဲအထိ ရှုံးပွဲကြုံတွေ့ခဲ့ရပြီလည်းဖြစ်ပါတယ်။

လက်စတာစီးတီးအသင်းအနေနဲ့ ပရီမီယာလိဂ်ပွဲစဉ်(၁၈) ယှဉ်ပြိုင်ကစားပြီးချိန်မှာ သုံးပွဲနိုင်၊ ငါးပွဲသရေ၊ ၁၀ ပွဲရှုံး ရမှတ် ၁၄ မှတ်နဲ့ အမှတ်ပေးဇယား အဆင့် ၁၈ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

ဒီဇင်ဘာ ၂၆ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အခြားသော ပရီမီယာလိဂ်ပွဲစဉ်တွေမှာတော့ မန်စီးတီးနဲ့ အဲဗာတန်တို့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီသရေ၊ ဘုန်းမောက်နဲ့ ခရစ္စတယ်ပဲလေ့စ်တို့ပွဲစဉ်မှာ ဂိုးမရှိသရေစသဖြင့် ရလဒ်ထွက်ပေါ်ခဲ့ပြီး ဖူလ်ဟမ်က ချယ်လ်ဆီးကို နှစ်ဂိုး-တစ်ဂိုး၊ နယူးကာဆယ်က အက်စ်တွန်ဗီလာကို သုံးဂိုး-ဂိုးမရှိ၊ နော့တင်ဟမ်ဖောရက်စ်က စပါးကို တစ်ဂိုး-ဂိုးမရှိ၊ ဝက်စ်ဟမ်းက ဆောက်သမ်တန်ကို တစ်ဂိုး-ဂိုးမရှိ၊ ဝုလ်ဗာဟမ်တန်က မန်ယူကို နှစ်ဂိုး-ဂိုးမရှိ စသဖြင့် အသီးသီးအနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ **ငွေကြယ်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(FMI-8)၊ မြေကွက်အမှတ်(၆၆၇မှ၆၈၀အထိ)/ I+J ၊ မြေဧရိယာ(၀. ၁၁၀)ဧကရှိ ဒေါ်ကြားလင်(၁၃/လရန(နိုင်)၀၀၃၇၆၁)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လှိုင်သာယာမြို့နယ်၊ FMI City အိမ်ရာ၊ ကန်သာယာလမ်း၊ တိုက်အမှတ်(N-1+N-2)ဟုခေါ်တွင်သော (၂)ထပ်ခွဲတိုက်နေအိမ်အဆောက်အဦတစ်ခုအပါအဝင် ဆက်နွယ်တည်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံ သောတရားဝင်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

ဒေါ်မာလာဆွေ
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၄၆၆/၁၉၉၇)
**LL.B.,H.G.P.,D.B.L.,D.M.L.,D.I.L.,D.A.Psy.,WIPO(Switzerland).**
အမှတ်(၁၁)၊ဦးဘဟန်လမ်း၊သယ်န်းကျွန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ဖုန်း-၀၉ ၅၁၂၇၈၂၈၊ ၀၉ ၅၁၅၄၆၉၂

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာ

**ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ဘုရားကုန်းအဆင့်(၁)၊ လူနေရပ်ကွက်အမှတ်-ကျောက်ရေတွင်းရပ်ကွက်၊ မြို့မကွက်သစ်လမ်း၊ (သန်လျင်-ကျောက်တန်း လမ်းမကျောကပ်လမ်း)၊ မြေကွက်အမှတ်(၁၁၉၃)ဟုခေါ်တွင်သော ဧရိယာ(၄၀ပေx၆၀ပေ)ရှိ ဦးနေဝင်း [၁၂/သလန(နိုင်)၀၅၀၅၅၈] အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထား ပိုင်ဆိုင်လျက်ရှိသော ရောင်းချသူ ဦးအောင်စိုးမိုး [၁၂/ကမရ(နိုင်)၀၁၅၈၀၉]**ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အရောင်းအဝယ်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄)ရက် ပြည့်မြောက်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမင်းခန့်ကျော် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၅၈၁၉)**
**အမှတ်(၂၇)၊ ၅(ခ)၊ ပုညဝဓနလမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၀၄၀၈၀၄၃၉၊ ၀၉-၉၇၈၂၄၄၇၇၉**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၆၉)၊ မဟာစည်သူလမ်း၊ မြေကွက်အမှတ် (၁၇၅၄)၊ အကျယ်အဝန်း(၄၀ပေ ×၆၀ပေ) ဒေါ်စန်းရီ အမည်ပေါက် ပါမစ်မြေကွက်ဖြစ်ပြီး ယင်းမြေကွက်ထဲမှ (၁၀ပေ×၆၀ပေ)ရှိ အိမ်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကိုအရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင် ပြီး တရားဝင် ရောင်းချပိုင်ခွင့် ရှိ ကြောင်း အဆိုပြုသူဦးမင်း ထွန်းလတ် (၅/အတန(နိုင်)၀၄၉၅၇၈)ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် အိမ်နှင့်မြေတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေ ထားပြီးဖြစ်ပါသည်၊ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း မူရင်းအထောက်အထားများနှင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်မေသူစိုး (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ် -၁၇၈၆၄/၂၀၂၂)
အမှတ်(၂၉)၊ ဒုတိယထပ်(စီ)၊ ရန်ပြေ(၁၈)လမ်းအနောက်၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၉ ၄၂၁၁၁၆၄၀၈

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၉/၂၃)၊ အခန်းအမှတ်(၅၀၁)၊ အကျယ်အဝန်း (၃၀ ပေ x ၅၀ ပေ) ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ ပတ်သက်ဆက်နွယ်နေသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်အေးအေးကြူ(ခ)မြမြအေး [၁၄/ပသန(နိုင်)၁၄၉၆၁၈] (ဘ-မွန်ဟောင်ကျန်(ခ)အီကျိန်း(ခ)မောင်ဆန်း) က အဆိုပါတိုက်ခန်းကို မိမိတစ်ဦးတည်းသာပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြောဆိုပြီး ရောင်းချရန်ပြောဆိုလာသဖြင့်ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်ဝယ်ယူရန် အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို တည်ဆဲဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးဆန်းငွေအောင်** | **ဒေါ်လဲ့လဲ့လွင် (LL.B)** |
| **[၁၂/ကတတ(နိုင်)၀၂၅၃၃၅]** | **WIPO (Switzerland)** |

**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၁၉၇၅)**
**ဖုန်း-၀၉-၇၉၄၆၁၂၀၈၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄(မြို့သစ်)၊ မြေကွက်အမှတ်(၄၂)၊ ဧရိယာ(၀.၀၂၇၈)ဧက၊ အကျယ်အဝန်း (၂၅'x၅၀')ပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော အမှတ်(၆၉)၊ မင်္ဂလာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ **ဦးသန်းဝင်း [၁၂/သခန(နိုင်)၀၉၀၄၉၉]** ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ **ဒေါ်ခင်ခင်အေး [၁၂/လသန(နိုင်)၀၁၀၇၉၇]** က **(၂၇-၁၂-၂၀၂၄)**ရက်စွဲပါ "မြေနှင့်အဆောက်အဦ အပြီးအပိုင်အရောင်းအဝယ် ကတိစာချုပ်"ဖြင့် အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ပါသည်။ အဆိုပါဝယ်ယူထားခြင်းနှင့် ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)အတွင်း ခိုင်လုံသော အထောက်အထားစာရွက် စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမောင်မောင်မျိုးလှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၄၆၀၄)**
**အမှတ်(၂၂၆/ဒုတိယထပ်)၊ ဝိဇယပလာဇာ၊ ဦးဝိစာရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၀၄၁၇၇၁၊ ၀၉-၇၉၉၈၉၆၀၉၃**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ အုတ်ဖိုစုရပ်ကွက်၊ ကျိုက်ခေါက်ဘုရားလမ်း၊ အကွက်အမှတ်(၂၆)၊ ကျိုက်ဗောဓိမြောက်ကွက်၊ ဦးပိုင်အမှတ်(၅)၊ ဧရိယာ(၀. ၁၇၅)ဧကရှိ ဒေါ်သဲကြည်စိုးအမည်ပေါက် ၃/ခ ဝန်ခံချက်လက်မှတ်ရရှိထားသော မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ရှင် ဒေါ်သဲကြည်စိုး၏ ကိုယ်စား ဦးထွန်းလင်းကြည်(ဘ) ဦးလွန်ကြည် [၁၂/စခန(နိုင်)၀၀၆၆၉၂] ကိုင်ဆောင်သူက လွှဲပြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးငြိမ်းသူ(ဘ)ဦးမင်းဇော် [၇/ပခန (နိုင်)၃၅၉၈၇၃] ကိုင်ဆောင်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း၊ အရောင်းအဝယ်စာချုပ်မူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးငြိမ်းသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးကြည်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၅၁၈၅၁၆၇**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲမှ (၂၀၂၄-၂၀၂၅)ဘဏ္ဍာရေးနှစ်တွင် ဆေးနှင့်ဆေးပစ္စည်း၊ စက်ပစ္စည်း၊ ပုံနှိပ်ပစ္စည်းများကို အောက်ပါအတိုင်း သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရန် မြန်မာကျပ်ငွေဖြင့် (၁)နှစ်တာကာလ ငှားရမ်းလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က) ရန်ကုန်ဆေးသိုလှောင်ရုံများမှ တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများသို့ သယ်ယူပို့ဆောင်ပေးခြင်း၊

(ခ) နေပြည်တော်ဆေးသိုလှောင်ရုံများမှ တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနများသို့ သယ်ယူပို့ဆောင်ပေးခြင်း။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့်စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၃၁၀၈၅/၀၆၇-၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

| | | |
|---|---|---|
| တင်ဒါအမှတ် | - | Tender.21.Transport.YGN (2024–2025) |
| | - | Tender.21.2.Transport.NPW (2024–2025) |
| တင်ဒါစတင်သည့်ရက် | - | ၂၇ - ၁၂ - ၂၀၂၄ ရက် |
| တင်ဒါပိတ်သိမ်းမည့် ရက်နှင့်အချိန် | - | ၁၄- ၁ - ၂၀၂၅ ရက် မွန်းတည့်(၁၂:၀၀)နာရီ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆)၊ ကေတုမတီလမ်း၊ အမှတ် (၇၇၀)၊ မြေအကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်နေသော (၂)ခန်းတွဲ (၈)ထပ်တိုက်အဆောက်အဦမှ မြေရှင်ပိုင်ဆိုင်သော အကျယ် (၁၇ပေx ၅၄ပေ) ရှိ ဆဌမထပ် (၇)လွှာ၊ ခေါင်းရင်းခန်းအား လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ မြေရှင် ဒေါ်ခင်ဌေးရင် [၁၂/ဥကတ(နိုင်) ၀၅၁၁၈၁] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကိုကိုနိုင် [၁၂/မရက(နိုင်) ၁၂၇၆၅၉]က အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း(မူရင်း)များနှင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဘုန်းမြင့်**
**B.A, H.G.P, D.E.P, RL**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၇၃၆)**
**အမှတ်(၁၃)၊ ဒေါ်လှပန်းလမ်းထိပ်၊ (၂)ရပ်ကွက်၊ ခဝဲခြံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၁၈၁၃၃၃၉**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇/၅)၊ ရွှေပင်လုံအိမ်ရာ၊ ဆရာစံလမ်း၊ မြေကွက်အမှတ် (၄၃/၁B)၊ နှစ်(၆၀) မြေငှားဂရန်မြေအမျိုးအစား၊ ($\frac{၇၉}{၈၀}$ပေx ၁၁၅ပေ)၊ (၉၁၄၂)စတုရန်းပေ၊ (၀.၂၁၀)ဧကအကျယ်ရှိ မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ယခုရောင်းချသူ ဒေါ်မြင့်မြင့်ဝင်း [၈/နမန(နိုင်)၀၀၅၀၂၉]က ဂရန်အမည်ပေါက် လက်ဝယ်ရရှိပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဆုမွန်ဖြိုး [၇/ဖမန(နိုင်) ၁၈၆၈၆၆]က ဝယ်ယူရန် မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့အဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်များရှိသည်ဟု အဆိုရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများ၊ တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးသော်ဇင် LL.B** | **ဦးငြိမ်းချမ်းထွေး LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၆၇၁၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၇၄၆)** |
| **ဖုန်း-၀၉-၄၃၀၆၄၂၈၁** | **ဖုန်း-၀၉-၂၆၀၀၂၉၂၇၂** |

**တိုက်(၄၆)၊ အခန်း(C-3)၊ မဟာမြိုင်အိမ်ရာ၊ (၄၁)တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၅၂ ရပ်ကွက်၊ ရတနာပုံလမ်း၊ မြေကွက်အမှတ် (၁၄၂၄)၊ ဦးကျော်ဝင်း (A/RGN-007426) အမည်ပေါက် ပါမစ်မြေ အကျယ်အဝန်း ပေ (၄၀ x ၆၀) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဦးအောင်ကိုနိုင် [၇/ကဝန(နိုင်)၁၄၈၉၇၇] ထံမှ ဦးချစ်အေးဆန်း [၁၂/ဒဂတ(နိုင်)၀၂၄၇၇၇] ကိုင်ဆောင်သူက ဝယ်ယူထားပြီး တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာစာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်း (မူရင်း)များနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသန်းနိုင်စိုး(LL.B.)** | **ဦးသိန်းနိုင်စိုး(LL.B.)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၈၃၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၃၆၉၇)** |
| **ဖုန်း- ၀၉-၄၀၀၅၄၀၈၅၊ ၀၉-၉၈၃၄၃၇၁၃၉** | **ဖုန်း-၀၉-၂၅၄၉၂၈၅၉၈** |

**အမှတ် (၁၀၄)၊ ဒုတိယထပ်၊ အာသောကလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ မအူပင်တက္ကသိုလ်နှင့် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး ဦးစီးဌာနတွင် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများကို အိတ်ဖွင့်တင်ဒါ ခေါ်ယူ၍ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၇-၁၂-၂၀၂၄ ရက်နေ့မှ စတင်၍ ရောင်းချမည် ဖြစ်ပြီး၊ အိတ်ဖွင့်တင်ဒါများကို ၉-၁-၂၀၂၅ ရက်နေ့ (၁၆:၃၀) နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့် လိပ်စာနှင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်လိပ်စာမှာ ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၃)၊ အဆင့်မြင့်ပညာဦးစီးဌာန ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါနှင့်သက်ဆိုင်သည့် အသေးစိတ်သိရှိလိုသော အချက်များကို သိရှိလိုပါက၊ ဖုန်းနံပါတ်-၀၆၇-၃၄၀၇၇၂၆၊ ၀၆၇-၃၄၀၇၇၂၇ များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ပညာရေးဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၀၊ မြေကွက်အမှတ်- ၃၅၁၊ ဧရိယာ (၀. ၀၅၉)ဧကရှိ ဒေါ်ခင်ပြုံးရီ၊ ဦးခင်ဝင်းအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ (တရားဝင်မခွဲမစိတ်ရသေးသော) အကျယ်အဝန်း (၂၀' x ၄၅') ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၄)ထပ်တိုက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပူးတွဲဂရန်အမည်ပေါက်ပိုင်ဆိုင်ထားသူ ဦးခင်ဝင်း (၁၂/ဒဂတ (နိုင်) ၀၀၄၀၇၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဖိုးငွေတစိတ်တဒေသအား ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အဆောက်အဦးအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြေငြာသည့်နေ့မှ ( ၃ )ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်နေ့အထိ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက မြေနှင့်အဆောက်အဦးအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဦးတင်မောင်ဝင်း LL.B**
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၀၉၃၀)
အမှတ်-၅၀၊ အခန်း (E-14)၊ ပ-ထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း ၀၉-၅၀၂၄၁၂၀၊ ၀၉-၄၀၁၆၄၅၆၀၈

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၀၈)ရပ်ကွက်၊ မြေကွက်အမှတ်(၃၃၁)၊ ကန်ဦး(၂)လမ်း၊ အလျားပေ(၂၀x၆၀) ပါမစ်အမည်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးသန်းဝင်း [၁၂/ကမရ(နိုင်)၀၅၆၆၉၄]မှ ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်းဝန်ခံပြီး အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဒေါ်အေးမူသိန်း [၇/သနပ(နိုင်)၀၆၆၂၀၅]**
**ဖုန်း-၀၉-၆၆၂၇၃၇၃၄၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇)၊ မြေကွက်အမှတ်(၆/န-၁၄)၊ (၀.၀၅၇)ဧက၊ မြေကွက်တည်နေရာအမှတ်(၁၂/၁၄)၊ သီရိမြိုင်(၇)လမ်း၊ (၁၃)ရပ်ကွက်၊ (ဒေါ်ရင်နု) အမည်ပေါက် မြေပိုင်မြေ၊ လ/န-၃၉ ရပြီး မြေအား အမည်ပေါက် (မိခင်)ဖြစ်သူ ဒေါ်ယဉ်နုသည် ၄-၁၂-၂၀၁၄ ရက်တွင်လည်းကောင်း၊ (ဖခင်)ဖြစ်သူ ဦးရွှေချစ်သည် ၂၉-၈-၁၉၉၈ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားပါသဖြင့် သား/သမီးများဖြစ်ကြသော ဒေါ်ခင်မာကြူ [၁၂/လမန(နိုင်)၀၂၃၄၃၆]၊ ဦးမင်းဇော် [၁၂/လမန(နိုင်)၀၂၃၄၃၅]၊ ဒေါ်အေးအေးမာ[၁၂/လမန(နိုင်)၀၂၃၄၃၇] တို့က မိမိတို့ (၃)ဦးသာ ကွယ်လွန်သူ မိခင်/ဖခင်တို့၏ သားသမီးများဖြစ်ကြောင်း၊ မိမိတို့ (၃)ဦးမှလွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်မျှ အမွေဆက်ခံပိုင်ဆိုင်ခွင့်မရှိပါကြောင်း ၁၃-၉-၂၀၂၃ ရက်စွဲပါ တရားရုံးကျမ်းကျိန်၊ ထောက်ခံကျမ်းကျိန်လွှာ၊ မြေစာရင်းမှတ်ချက်ရှိ၂၀၁၀ ခုနှစ်တွင် အမည်ပေါက် ဒေါ်ရင်နုကိုယ်တိုင်မှ အပိုင်ပေးမြေပုံကူးလျှောက်ထားခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရန် ၂-၁၀-၂၀၂၃ ရက်စွဲပါ စာဖြင့် အကြောင်းကြားခဲ့ခြင်းအား အမည်ပေါက် (မိခင်)မကွယ်လွန်မီ အပိုင်ပေးမြေပုံကူးလျှောက်ထားခြင်းကို မိမိတို့ မောင်နှမ (၃)ဦးသည် အစိုးရဝန်ထမ်းများဖြစ်သဖြင့် နယ်အသီးသီးသို့ ၂၀၁၀ ခုနှစ်ခန့်က သွားရောက်တာဝန်ထမ်းဆောင်သောကာလဖြစ်ပါကြောင်း၊ မိခင်ကွယ်လွန်ပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း အမှုတွဲတွင် တင်ပြထားသော စာရွက်စာတမ်းများမှလွဲ၍ အခြားမည်သည့် စာရွက်စာတမ်းတစ်စုံတစ်ရာမျှ မတွေ့ရှိပါကြောင်း၊ အဆိုပါ မြေနှင့် အိမ်ကို မိမိတို့ မောင်နှမတစ်ဦးတစ်ယောက်ကိုသော်လည်းကောင်း၊ အခြားသူများကိုသော်လည်းကောင်း အပိုင်ပေးထားခြင်းမရှိပါကြောင်း၊ အဆိုပါမြေနှင့် အိမ်နှင့်ပတ်သက်၍ မိခင်ကွယ်လွန်သည့်အချိန်မှစ၍ မည်သည့်အရှုပ်အရှင်းတစ်စုံတစ်ရာမရှိပါကြောင်း၊ မိမိတို့ မောင်နှမ (၃)ဦး၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံကူးသည့်ကိစ္စနှင့်ပတ်သက်၍ အရှုပ်အရှင်းတစ်စုံတစ်ရာပေါ်ပေါက်လာပါက မိမိတို့မှ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ၂၄-၁၀-၂၀၂၃ ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာနှင့် ရှင်းလင်းတင်ပြစာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဒေါ်ယဉ်နုနှင့် ဦးရွှေချစ်တို့၏ သေစာရင်းနှစ်စောင်၊ အမည်ပေါက်စာချုပ်တို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "FREYSSINET MYANMAR COMPANY LIMITED (Registration No-110897626"
## Voluntary Liquidation, Appointment of Liquidator and Claim Notice for the Debt

At the General Meeting of the shareholders of **"FREYSSINET MYANMAR COMPANY LIMITED"** duly convened on 27.12.2024.

**Special Resolutions–**

1. That, the **"FREYSSINET MYANMAR COMPANY LIMITED"** be voluntary winding-up the members with effect from 27.12.2024.
2. That, Daw Cho Cho Toe, Certified Public Accountant, be and is hereby appointed liquidator for the purpose of such winding-up and is authorized to carry on the business of the Company to such extent and for such periods as may be necessary only for the beneficial winding-up there and is granted such other powers as may be deemed fit or proper and to final winding-up the Company.
3. That all persons claiming to be creditors of the above **"FREYSSINET MYANMAR COMPANY LIMITED"** are requested to submit details of them for review together with any strong documentary evidence in their possession, to the liquidator at No.(58/1),Yin Mar Myaing Street, 23 Ward, Thuwanna Su Paung, Thingangyun Township, Yangon Region, before 27-1-2025.

| | |
|---|---|
| **Mr. Yves Barge** | **Daw Cho Cho Toe (PAPP-15, MAIP-00071)** |
| **Director** | **B.Com., C.P.A** |
| **Freyssinet Myanmar Company Limited** | **Liquidator** |

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်းမြို့ဟောင်း(၁)ရပ်ကွက်၊ (၁၃)လမ်း၊ အမှတ်(၁၇၁)ဟု ခေါ်တွင်သော (၂)ခန်းတွဲ(၅)ထပ်တိုက်၏ ဒုတိယထပ်၊ ခေါင်းရင်းခန်း အလျား (၁၃)ပေ × အနံ(၅၀)ပေအကျယ်အဝန်းရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးသည် ဦးမင်းကျော်(၉/မထလ(နိုင်)၂၂၄၂၆၈)မှ ပိုင်ဆိုင်ရောင်းချ ပိုင်ခွင့်၊ စီမံခန့်ခွဲ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးအောင်ကိုဝင်း (၁၄/လပတ (နိုင်)၁၂၂၉၂၅)မှ စရံငွေ ပေးချေထားပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်လှိုင်ယဉ်မွန်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၀၆၄၈)**
**အမှတ်-(၄၃၀)၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ရုံးဖုန်း-၀၉ ၂၆၀၅၅၀၂၇၀**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ အောင်ရတနာလမ်း(အနောက်)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၂၄၁)၊ အိမ်အမှတ်(၄၂၄/ခ)၊ မြေကွက်အမည်ပေါက် ဦးသိန်းဦး၊ မြေအမျိုးအစား နှစ်(၆၀) မြေဂရန် (၂၅x၅၀)ပေအနက် ခြေရင်းခြမ်း(၁၂ပေခွဲx ၅၀ပေ) နှစ်ထပ်တိုက်ခံအိမ်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးလှထွေး [၉/ကပတ(နိုင်) ၁၃၉၈၄၀]မှ ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အိမ်ခြံမြေအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဖြိုး(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၉၆၈၈) (၃၁-၁၂-၂၀၀၉)**
**အမှတ်(၇၆)၊ စွယ်တော်လမ်း၊ ယမုံနာ(၂)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph: 09-260025950**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ကျန်စစ်မင်းအိမ်ရာအပိုင်း(၁)၊ တိုက်အမှတ်(၈၃)၊ အခန်းအမှတ်(၃၀၃) ကို မူလ အမည်ပေါက် ပိုင်ဆိုင်သူ ဦးဝေဇင်ထွန်း [၁၂/စခန(နိုင်) ၀၇၂၅၇၂] ထံမှ အရောင်းအဝယ်စာချုပ်ဖြင့် ပြန်လည် ဝယ်ယူထားသူ ဒေါ်မေပန်မိုးသူ [၁၂/လသယ(နိုင်) ၀၆၀၇၂၉] က ၎င်းအမည်ဖြင့် တိုက်ခန်း ပိုင်ဆိုင်ခွင့်စာအုပ် ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့် နေ့ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ ဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာ**
**ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းအိမ်ရာအပိုင်း(၃)၊ တိုက်အမှတ်(၁၅)၊ အခန်းအမှတ်(၂၀၃) ကို မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးလပြည့်ဖြိုး [၁၄/မအန(နိုင်)၁၃၅၈၁၄] ထံမှ အရောင်းအဝယ်စာချုပ်ဖြင့် ပြန်လည်ဝယ်ယူထားသူ ဦးလှမင်း [၁၂/လမန(နိုင်) ၀၄၀၈၈၅] က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့် နေ့ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အထက်မင်္ဂလာလမ်း၊ အမှတ် (၁၁၉၄) ဟုခေါ်တွင်သော အလျား (၁၁)ပေx အနံ (၄၈)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂) ထပ်နေအိမ်၊ ရေ၊ မီး မီတာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးမှာ ဒေါ်အေးအေးမူ [၁၂/အစန (နိုင်)၂၁၂၆၈၉] ကိုင်ဆောင်သူမှ ပိုင်ဆိုင်ပြီး ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးသန်းလွင် [၁၂/ထတပ (နိုင်) ၀၉၁၆၄၄] ကိုင်ဆောင်သူက ဝယ်ယူရန် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင်အရောင်းအဝယ် ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းလွင်၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်သန္တာမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၇၄၉၉)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၄၅၀၂၃၉၆၂၂**

ဥတုရာသီ
တောကို မှီ၏

## ကန့်ကွက်နိုင်ပါသည်

**Pearl Nadi Travel & Tours Co.,Ltd** အား ဒေါ်လွင်လွင်မူ **[၁၂/လမန(နိုင်)၁၀၀၂၇၉]** မှ **Managing Director** အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ယခုအခါ ကျန်းမာရေးအခြေအနေကြောင့် ကုမ္ပဏီကိစ္စအဝဝအား လုပ်ဆောင်မှုများ ကြန့်ကြာမှုမဖြစ်ပေါ်စေရန်အတွက် မန်နေဂျင်းဒါရိုက်တာရာထူးအား **ဒေါ်ချောစုလှိုင် [၁၂/လမန(နိုင်)၀၀၀၁၀၃]** အား လွှဲပြောင်း၍ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဒေါ်ချောစုလှိုင်မှ **Pearl Nadi Travel & Tours Co.,Ltd ၏ Managing Director** အဖြစ် တာဝန်ထမ်းဆောင်ခြင်းအပေါ် ကန့်ကွက်လိုပါက အထောက်အထားများဖြင့် သတင်းစာပါသည့်နေ့မှစ၍ (၁)ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**Pearl Nadi Travel & Tours Co.,Ltd**

## ရောင်းချရန်ကြော်ငြာစာ
**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**သင်္ဃန်းကျွန်းခရိုင်တရားရုံးတော်**
**၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၉၂**

(ယခင်)မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက် (ယခု)ကမ္ဘာ့ရတနာဘဏ် (အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်) [၎င်း၏ကိုယ်စား - ဗိုလ်မှူးသိန်းနိုင်(ငြိမ်း)]
**ဒီကရီအနိုင်ရသူ**

၁။ ဦးကျော်နီ
၂။ ဒေါ်စိုးထွေးထွေးအောင်
၃။ ဦးကြည်ဝင်း
(ကွယ်လွန်သူဦးစိုးအောင်၏ တရားဝင်ကိုယ်စားလှယ်များ)
(၂၊၃ တရားရှုံးများ၏အခွင့်ရကိုယ်စားလှယ် ဦးဇော်စိုး)
**တရားရှုံးများ**

သင်္ဃန်းကျွန်းခရိုင်တရားရုံး၊ တရားမဇာရီမှုအမှတ်-၉၂/၂၀၂၃ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက် နံနက်(၁၀)နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးကတာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်း မပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့်စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကိုပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့်လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၂၇)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**ကြမ်းခင်းဈေး - ကျပ်သိန်း (၃၅၀၀၀)**
**(ကျပ်သိန်းသုံးသောင်းငါးထောင်တိတိ)**

**ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ သီရိရတနာရိပ်သာ၊ မြေတိုင်းရပ်ကွက်အမှတ် (၇+၃၂- ကံဘဲ့)၊ ဝေဇယန္တာလမ်း၊ အမှတ်(၁၂/ဘီ)၊ စတုရန်းပေ(၅၇၉၂.၅)၊ ဧရိယာ(၀.၁၃၃)ဧက၊ အကျယ်အဝန်းရှိ ဦးစိုင်းအောင်အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

**(တင်နွယ်အောင်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**သင်္ဃန်းကျွန်းခရိုင်တရားရုံး**

## စက်မှုဝန်ကြီးဌာန
**အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၃၀)**
**နေပြည်တော်**
**အိတ်ဖွင့်တင်ဒါတင်သွင်းရန်ကြော်ငြာ**

စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းမှ မြေအား ငှားရမ်းမည်ဖြစ်ပါ၍ ၎င်းမြေတည်ရှိရာ အောက်ဖော်ပြပါလိပ်စာများတွင် လာရောက်ကြည့်ရှုပြီး အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဈေးနှုန်းတင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

| | | |
|---|---|---|
| ၁။ လာရောက်ကြည့်ရှုနိုင်သည့် လိပ်စာ/ငှားရမ်းမည့်မြေ | - | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊အမှတ်(၄၈)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ အမှတ်(၄၈၁)ရှိ မြေဧရိယာ(၀.၇၆) |
| ၂။ တင်ဒါစတင်တင်သွင်းရမည့် နေ့ရက်နှင့်အချိန် | - | ၂၆-၁၂-၂၀၂၄ ရက်နေ့ နံနက် ၉:၀၀ နာရီ |
| ၃။ တင်ဒါပိတ်မည့် နေ့ရက်နှင့်အချိန် | - | ၈-၁ -၂၀၂၅ ရက်နေ့ ညနေ ၁၆:၀၀ နာရီ |
| ၄။ တင်ဒါတင်သွင်းရမည့်နေရာ | - | ရုံးအမှတ်(၃၀)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ အုပ်ချုပ်ရေးဌာန၊ ၀၆၇၃၄၀၅၄၅၁၊ ၀၉-၂၆၀၅၄၂၇၂၈၊ ၀၉-၈၇၄၄၀၉၅၁၂ |

**ဥက္ကဋ္ဌ**
**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၂/မြောက်)ရပ်ကွက်၊ သဒ္ဓါရုံ(၃)လမ်း၊ မြေကွက်အမှတ်(၆၁၉/က)၊ အကျယ်အဝန်း(၂၀ပေx၆၀ပေ)ရှိ ဦးအောင်မြတ် [၁၂/သကတ(နိုင်)၁၀၅၈၀၁]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်နေအိမ်နှင့် အကျိုးခံစားခွင့်အားလုံးတို့အား လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်မျိုး[၅/အတန(နိုင်)၀၇၈၅၂၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စောမြတ်နှင်း [၈/ပမန(နိုင်)၁၇၅၉၄၁]က အပြီးအပိုင်ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများ ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆွေဇင်ဦး [LL.B, D.B.L, D.I.L, WIPO (Switzerland)]**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၄၄၄)**
**အမှတ်(၅၁၄)၊ မာန်ပြေ(၁၂)လမ်း၊ (၃)ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၈၀၀၁၂၃၈၅၊ ၀၉-၆၈၈၆၀၁၈၃၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနကွပ်ကဲမှုအောက်၊ ဇမ္ဗူသီရိမြို့နယ်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ သဇင်-၂ အပျိုဆောင်အနီးရှိ ဆိုင်ခန်းအမှတ်(၂၊၃)၊ ဦးဇော်ထွန်း [၁၂/ပဘတ(နိုင်)၀၀၄၅၁၅] အမည်ဖြင့်ထုတ်ပေးထားသော **"ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်"** မှာ ပျောက်ဆုံးသွားပါသဖြင့် **"ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်"** (မိတ္တူမှန်) ထုတ်ယူခွင့်ပြုပါရန် "ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်" (မူရင်း) ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ (မူရင်း)၊ ရဲစခန်းထောက်ခံချက်(မူရင်း)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊ အိမ်ထောင်စုဇယား (မိတ္တူ)များတင်ပြပြီး **"ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်"** (မိတ္တူမှန်)လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစပြီး (၁၄)ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဦးဇော်ထွန်းအမည်ဖြင့် ထုတ်ပေးထားသော **"ဈေးဆိုင်ခန်း အငှားချထားခြင်းလိုင်စင်ကတ်"** (မူရင်း)အား ပယ်ဖျက်၍ ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ **"ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်"** (မိတ္တူမှန်) ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
**(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)**

မရမ်းကုန်းခရိုင်တရားရုံးတော်
၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၆၅ နှင့် ဆက်နွှယ်သည့်
၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၁၁၆

Myanmar Solar Rays Co,Ltd (၎င်းကိုယ်စား ဒေါ်ခင်သန္တာဖြိုး) **(တရားနိုင်)** နှင့် ဦးမျိုးလွင် **(တရားရှုံး)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ကျောက်စိမ်းနှင်းဆီလမ်း၊ ပင်လုံအိမ်ရာအပိုင်း(၃)၊ အမှတ်(၆၇/ဘီ-၂)နေ တရားရှုံး ဦးမျိုးလွင်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၆၅ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ (၁၀) ရက် (၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်) နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရဲကိုကို)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မရမ်းကုန်းခရိုင်တရားရုံး**

## မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့သစ်(၆)လမ်း၊ အမှတ်(ခ/၂၄၄) နှစ်ခန်းတွဲ (၅)ထပ်တိုက် (ခေါင်းရင်းဘက်) ပထမထပ် (၂-လွှာ)၊ တတိယထပ်(၄-လွှာ)နှင့်ပတ်သက်၍ကြေညာချက်

အထက်ပါတိုက်ခန်း (၂)ခန်းကို ကွယ်လွန်သူမိဘများဖြစ်သော ဦးစိန်ဝင်းနှင့် ဒေါ်ငြိမ်းအေးတို့ထံမှ (၂၀. ၁၂. ၂၀၂၄)အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အရ ဦးငြိမ်းဝင်းနိုင် (၁၂/အစန(နိုင်) ၁၇၆၁၇၄)မှ ပိုင်ဆိုင်ခဲ့ပါသည်။

ထို့ကြောင့် အထက်ပါတိုက်ခန်း (၂)ခန်းအား ဦးငြိမ်းဝင်းနိုင် ခွင့်ပြုချက်မရဘဲ ပေါင်နှံ၊ ပေးကမ်း၊ လွှဲပြောင်းခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေအရ တရားစွဲဆိုသွားသည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဦးမြတ်ထွန်း (B.Sc, R.L)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၆၉၀)
အမှတ်-၅၅၊ ၁၄-လမ်း၊(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း၊ ၀၉-၉၇၄၀၀၀၁၉၃၊၀၉- ၄၅၄၅၄၅၂၂၁

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ City Loft West အိမ်ရာစီမံကိန်းအတွင်းရှိ City Loft West ၊ တိုက်အမှတ် (T-1)၊ တိုက်ခန်းအမှတ် (T1-709)၊ တိုက်ခန်းအမျိုးအစား- 1BR ၊ ခန့်မှန်းကြမ်းခင်းဧရိယာအကျယ်အဝန်း (525)စတုရန်းပေရှိတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သွဲ့မျိုးထွန်း (၁၂/ဗဟန(နိုင်) ၀၉၇၄၇၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဥက္ကာကျော် (၁၂/မရက(နိုင်) ၁၄၃၂၆၆)က အရစ်ကျငွေချေစနစ်ဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါကဥပဒေနှင့်အညီ အရောင်းအဝယ်ကိုဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဦးမြတ်ထွန်း (B.Sc, R.L)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၆၉၀)
အမှတ်-၅၅၊ ၁၄-လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း၊ ၀၉-၉၇၄၀၀၀၁၉၃၊၀၉- ၄၅၄၅၄၅၂၂၁

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈)၊ မြေကွက်အမှတ်(၆၃၀)၊ မြေကွက်တည်နေရာအမှတ်(၆၃၀)၊ အောင်ရတနာလမ်း၊ (၂၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးတင်စိုး (AE-၂၂၁၃၁၃) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မြေအား မြေအမည်ပေါက် (ခင်ပွန်း) ဦးတင်စိုး ကွယ်လွန်သဖြင့် (ဇနီး) ဒေါ်စန်းစန်းနု [၁၂/အစန(နိုင်) ၀၁၃၈၅၀] မှ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်းနှင့် ၎င်းမှလွဲ၍ အခြားဇနီးတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ၎င်းသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်လာခဲ့ပြီး ၎င်းမှလွဲ၍ အခြားအမွေဆက်ခံပိုင်ခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဦးတင်စိုးသေဆုံးသည်မှာမှန်ကန်ကြောင်း၊ ရွှေတောင်မြို့နယ်၊ မဲတောကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဂ၊ နီလာ(၂)လမ်း၊ မြေကွက်အမှတ်(၃၆၀/ခ) ဟုခေါ်တွင်သော မြေအကျယ်အဝန်း အလျား (၂၀) ပေ x အနံ (၆၀) ပေရှိ ဒေါ်အိသဲဆု [၁၀/မလမ(နိုင်)၁၉၈၈၂၉]အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက်ဖြစ်သူ ဒေါ်အိသဲဆုမှ မိမိတစ်ဦးတည်း လက်ရှိထားပိုင်ဆိုင်ကာ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြီး ပြန်လည်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမောင်မောင်ကျော် [၁၂/ကမရ(နိုင်) ၀၄၂၈၇၆]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီတာအေး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၀၇)**
**အမှတ်(၁၆၇)၊ ရော(၉)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၅၀၄၀၆၉၄၊ ၀၉-၇၆၅၀၄၀၆၉၄**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၆-ရပ်ကွက်၊ ဒီပါအေးမြလမ်း၊ အမှတ်-၇၁၄ ဟု ခေါ်တွင်သောမြေကွက် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၆ ၊ မြေကွက်အမှတ်-၇၁၄၊ ဧရိယာ(၀.၀၅၅)ဧက၊ မြေအမျိုးအစား-နှစ်(၆၀)မြေငှားဂရန်၊ မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် ဦးလေးနိုင်(ခ)ဦးလှရွှေ (JE-၀၀၀၅၆၉) အမည်ပေါက်လျက်ရှိပြီး အမည်ပေါက်ပိုင်ရှင် မိခင်နှင့် ဖခင်တို့ ကွယ်လွန်သဖြင့် တရားဝင်အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတည်းသောသား **ဦးသန်းလွင်** [၁၂/လမန(နိုင်)၀၆၀၄၁၃] ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အရ ဝယ်ယူပိုင်ဆိုင်သူ **ဒေါ်မိုးမိုးအေး** [၁၂/မရက(နိုင်)၀၀၅၀၃၅] က မိမိတစ်ဦးတည်း ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက်စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန်းဦး (LL.B, D.B.L)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅)**
**ဦးဟန်လင်းအောင်(LL.B)** — **အထက်တန်းရှေ့နေ(စဉ်-၅၆၆၆၈)**
**အမှတ်(၇၅၁)(ပထမထပ်)၊ တပင်ရွှေထီးလမ်း၊ ၃၈-ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ရုံးဖုန်း-၀၉-၈၈၆၆၉၅၉၆၆**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၂-ရပ်ကွက်၊ ဝင်္ကဘာလမ်း၊ အမှတ်-၁၀၉၀/က ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၊ မြေကွက်အမှတ်-၁၀၉၀၊ အကျယ်(၄၀'x ၆၀')အနက် တရားဝင်မခွဲစိတ်ရသေးသောမြေ၏ ခေါင်းရင်းဘက်ခြမ်း (၂၀' x ၆၀') ဂရန်မူရင်းခြမ်း၊ မြေအမျိုးအစား-နှစ်(၆၀) မြေငှားဂရန်၊ မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးအောင်ကြည် (ISN-၀၆၉၇၄၆) အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိသူ ဦးဆိုင်ဝင်းမော် [၁၂/လကန(နိုင်)၀၂၆၈၈၁] မှ မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီအရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန်းဦး (LL.B, D.B.L)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅)**
**ဦးကျော်မင်းဦး (LL.B)** — **အထက်တန်းရှေ့နေ(စဉ်-၅၀၆၆၉)**
**အမှတ်(၇၅၁)(ပထမထပ်)၊ တပင်ရွှေထီးလမ်း၊ ၃၈-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ရုံးဖုန်း-၀၉-၈၈၆၆၉၅၉၆၆**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ နိုင်ငံစီးပွားတိုးတက်ရေးနှင့် ထုတ်ကုန်ပစ္စည်းများ တိုးမြှင့်နိုင်ရေးအတွက် နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် ပြုလုပ်သော ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## လီဗာပူးက လက်စတာစီးတီးကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရ

လီဗာပူးအသင်းနဲ့ လက်စတာစီးတီးအသင်းတို့ ဒီဇင်ဘာ ၂၆ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၁၈)မှာ လီဗာပူးအသင်းက လက်စတာစီးတီးအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် လီဗာပူးအသင်းဟာ ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်ဆုံးမှာ ဒုတိယနေရာက ချယ်လ်ဆီးအသင်းကို ခုနစ်မှတ်ဖြတ်ကာ ဆက်လက်ဦးဆောင်ခွင့် ရရှိခဲ့ပါတယ်။



လီဗာပူးအသင်းနှင့် လက်စတာစီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

အဲဒီပွဲစဉ်မှာ ဧည့်သည်အဖြစ် လာရောက်ကစားခဲ့တဲ့ လက်စတာစီးတီးအသင်းက ပထမပိုင်းပွဲကစားချိန် ခြောက်မိနစ်မှာ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပေမယ့် လီဗာပူးအသင်းက ပွဲကစားချိန် ၄၅ မိနစ်မှာ ဂတ်ပိုရဲ့သွင်းဂိုး၊ ၄၉ မိနစ်မှာ ဂျုံးစ်ရဲ့သွင်းဂိုးနဲ့ ၈၂ မိနစ်မှာ ဆာလာရဲ့သွင်းဂိုးတို့ရရှိခဲ့လို့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ **စာမျက်နှာ ၂၀ ကော်လံ ၅ သို့ ○**

## ASEAN Cup ပြိုင်ပွဲ ဆီမီးဖိုင်နယ် ပထမအကျော့တွင် ထိုင်းအသင်းကို ဖိလစ်ပိုင်အသင်း အနိုင်ယူ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

၂၀၂၄ ASEAN Cup ပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယပွဲစဉ်ဖြစ်သည့် ဖိလစ်ပိုင်အသင်းနှင့် ထိုင်းအသင်းတို့၏ ပထမအကျော့ပွဲစဉ်ကို ဒီဇင်ဘာ ၂၇ ရက်ညပိုင်းက ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ ရီဇယ်မန်မိုရီကွင်း၌ကျင်းပရာ ဖိလစ်ပိုင်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

**နောက်ကျအနိုင်ဂိုး**

ယခုပွဲစဉ်သည် အုပ်စုပွဲများတွင် ရှုံးပွဲမရှိဘဲ တက်ရောက်လာသည့်နှစ်သင်းတွေ့ဆုံခြင်းဖြစ်ပြီး အိမ်ကွင်းကစားရသည့် ဖိလစ်ပိုင်အသင်းက နောက်ကျအနိုင်ဂိုးဖြင့် လက်ရှိချန်ပီယံ ထိုင်းအသင်းကို အနိုင်ယူခဲ့သည်။ ဖိလစ်ပိုင်အသင်းသည် အိမ်ကွင်းနိုင်ပွဲကြောင့် ဗိုလ်လုပွဲတက်ရောက်ရန် အခွင့်အရေးရှိလာပြီး ဒုတိယအကျော့ အဝေးကွင်းပွဲတွင် အနိမ့်ဆုံးသရေကစားနိုင်ရန် လိုအပ်နေသည်။

နှစ်သင်းစလုံး အမာခံကစားသမားများဖြင့် ပွဲထွက်လာခဲ့ပြီး ၂၁ မိနစ်တွင် ရီယက်စ်၏ အဝေးကန်ချက်ဖြင့် ဖိလစ်ပိုင်အသင်း ဦးဆောင်ဂိုး စတင်ရရှိခဲ့သည်။

**စာမျက်နှာ ၁၉ ကော်လံ ၃ သို့ ✪**

## ၂၇ - ၁၂ -၂၀၂၄ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၂၉၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ဘောဂဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက် အထောက်အကူပြုစေရန် ဘောဂဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၈ နှင့် ၁၉ တွင် ဖော်ပြထားပါသည်။

## နိုင်ငံတကာပြိုင်ပွဲများအတွက် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း လေ့ကျင့်ပြင်ဆင်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ၂၀၂၅ ခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ယခုလလယ်ပိုင်းမှစ၍ စခန်းဝင်လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကို ပဏာမကစားသမား ၃၂ ဦးဖြင့် ဖွဲ့စည်းထားပြီး ဂျပန်နိုင်ငံသား ယုကီတက်ဆုရိုက ကိုင်တွယ်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် လတ်တလော နိုင်ငံတကာပြိုင်ပွဲယှဉ်ပြိုင်ရန် မရှိသေးသော်လည်း ကစားသမားများ လေ့ကျင့်မှုမပြတ်စေရန် စခန်းဝင်လေ့ကျင့်ခြင်းဖြစ်သည်။

**ယှဉ်ပြိုင်မည်**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဖေဖော်ဝါရီလတွင် နိုင်ငံတကာခြေစမ်းပွဲကစားရန်ရှိသော်လည်း နှစ်ဖက်ဘောလုံးအဖွဲ့ချုပ် ပြန်လည်ညှိနှိုင်းလျက်ရှိကြောင်း သိရသည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် လာမည့်နှစ်တွင် အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ၊ ထိုင်းဆီးဂိမ်းပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**စာမျက်နှာ ၁၄ ကော်လံ ၅ သို့ ❖**



မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း လေ့ကျင့်နေစဉ်။

**ယနေ့ ဖတ်စရာ**

**လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်ပိုကောင်းမွန်သော အနာဂတ်ကိုတည်ဆောက်**

ဆောင်းပါး စာမျက်နှာ » ၁၃

**ပဲခူးမြို့တွင် ငွေကျပ် ၁၄ ဒသမ ၁ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားငါးသန်းကျော်၊ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၁၇၀ နှင့် Happy Water ၂ ဒသမ ၆ ကီလို သိမ်းဆည်းရမိ**

စာမျက်နှာ » ၂၀